# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့ (22-11-2015) (၈၃၉၂)


### မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# အာဆီယံအသိုက်အဝန်း၏ အသွင်လက္ခဏာနှင့် ဂုဏ်ကျက်သရေတို့ကို ကမ္ဘာ့နိုင်ငံများအလယ်တွင် မြှင့်တင်ကြရမည်

ကွာလာလမ်ပူ နိုဝင်ဘာ ၂၁

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒




(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီး မျက်နှာစုံညီအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်ကြစဉ်။ (Photo-YHT)

# တယ်လီဖုန်းသိပ်သည်းဆ ၈၀ ရာခိုင်နှုန်းအထိရောက်ရှိအောင် ဆောင်ရွက်နေ

ရန်ကုန် နိုဝင်ဘာ ၂၁

ယခုဘဏ္ဍာရေးနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံတွင် တယ်လီဖုန်းသိပ်သည်းဆကို ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ တိုးတက်ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် မိုဘိုင်းတယ်လီဖုန်း ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပအော်ပရေတာနှစ်ခု၊ ပြည်တွင်း အော်ပရေတာအဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တို့သို့ လိုင်စင်ချထားဆောင်ရွက်စေလျက်ရှိရာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကွန်ရက် ကျယ်ပြန့်လာခဲ့ပြီး တယ်လီဖုန်းသိပ်သည်းဆနှုန်းမှာလည်း သိသာစွာ မြင့်တက်လာခဲ့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**

**အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အာရှကမ္ဘာလှည့်များ ဥရောပသို့ သွားရောက်မှုလျော့နည်းလာ**

စာမျက်နှာ - ၄

**အစားထိုးပွဲ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာကိုယ်စားလှယ်များ မြန်မာနိုင်ငံသို့ လာရောက်လေ့လာ**

စာမျက်နှာ - ၁၀

# ကန်ဒေါ်လာ သန်း ၁၀၀ ရင်းနှီးမြှုပ်နှံ၍ လောင်စာဆီသိုလှောင်ကန်များတည်ဆောက်

သုတ

လောင်စာဆီလက်လီဖြန့်ချိရေးနှင့် သိုလှောင်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ပူးမားအပြည်ပြည်ဆိုင်ရာစွမ်းအင်ကုမ္ပဏီက မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရင်းနှီးမြှုပ်နှံကာ ရေနံ၊ ကတ္တရာနှင့် ရေနံထွက်ပစ္စည်းသိုလှောင်ကန်များ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်တောင်ဘက် ၂၃ ကီလိုမီတာ (၁၄ မိုင်) အကွာအဝေးရှိ သီလဝါဆိပ်ကမ်း၌တည်ဆောက်လျက်ရှိသော ယင်းလောင်စာဆီ သိုလှောင်ကန်များမှာ ကုဗမီတာ ၉၇၀၀၀ နီးပါးထိ သိုလှောင်နိုင်မည်ဖြစ်သည်။ စင်ကာပူနိုင်ငံ၌ အခြေစိုက်ပြီး

**စာမျက်နှာ ၃ ကော်လံ ၆ သို့ ❖**




ကြေးမုံ စာတည်းရှုထောင့် ၂၂-၁၁-၂၀၁၅၊ တနင်္ဂနွေနေ့

# အပြုသဘောဆောင်အကောင်းမြင်

မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးဆိုင်ရာတို့၌ ယခင်နှင့်မတူ တိုးတက်ဖြစ်ထွန်းခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ သီးခြားရွေးထုတ်မှုမရှိခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ နိုင်ငံရေးသွတ်သွင်းမှုကင်းခြင်း စသည့် အခြေခံမူများကိုဆန့်ကျင်၍ နိုင်ငံတစ်နိုင်ငံချင်းစီအပေါ် ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်အဆိုများကို အစဉ်တစိုက်ဆန့်ကျင်ခဲ့သည်။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်လက်တွဲပြီး လုပ်ငန်းတာဝန်များ ချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပူးပေါင်းဆောင်ရွက်မှုနှင့် စေ့စပ်ညှိနှိုင်းမှု စိတ်ဓာတ်အခြေခံဖြင့် ဆုံးဖြတ်ချက်မူကြမ်းများကို မဲခွဲရန် တောင်းဆိုခြင်းမှ ရှောင်ရှားခဲ့သည်။ ကတိပြုထားသည့်အတိုင်း နိုဝင်ဘာလ ၈ ရက်နေ့တွင် ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပေးခဲ့သည်။ သမိုင်းဝင်ရွေးကောက်ပွဲများတွင် အဓိကနိုင်ငံရေးပါတီများအားလုံး ပါဝင်ယှဉ်ပြိုင်စေခဲ့ပြီး ပြည်တွင်းပြည်ပလေ့လာသူများကို စောင့်ကြည့်စေခဲ့သည်။ ယင်းတို့သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၏ ရလဒ်ကောင်းများဖြစ်သည်။

သို့ရာတွင် မကြာသေးမီက အထူးအစီရင်ခံစာမူကြမ်းတွင် အပြုသဘောဆောင်သော တိုးတက်မှုအချို့ကို ကြိုဆိုဖော်ပြထားသော်လည်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကြိုးပမ်းမှုများနှင့် ထင်ရှားသောရလဒ်များကို လုံလောက်စွာဖော်ပြထားခြင်းမရှိသည်ကိုတွေ့ရပေသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ကျင်းပခဲ့သည့် အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီအစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံ၏လူ့အခွင့်အရေး အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။

မူကြမ်းပါအချို့အချက်များတွင် မဲပေးခွင့်ရုပ်သိမ်းခြင်းနှင့် ကိုယ်စားလှယ်လောင်းများ အရည်အချင်းမပြည့်မီခြင်း၊ လူမျိုးရေး၊ ဘာသာရေးအခြေခံဖြင့် ဆောင်ရွက်သည်ဟု မှားယွင်းစွာဖော်ပြခဲ့သည်။ ရွေးကောက်ပွဲတွင် အခြားနိုင်ငံများကဲ့သို့ မဲပေးပိုင်ခွင့်နှင့်ကိုယ်စားလှယ်လောင်းရွေးချယ်ပိုင်ခွင့်တို့အား နိုင်ငံသားများကို အပ်နှင်းထားသည့်အခွင့်အရေးအတိုင်းသာ ဆောင်ရွက်ထားသည်။ ကိုယ်စားလှယ်လောင်းနှင့် ၎င်း၏မိဘနှစ်ပါးစလုံး နိုင်ငံသားဖြစ်ရမည်ဟူသည့် သတ်မှတ်စံနှုန်းမပြည့်မီသဖြင့် အရည်အချင်းမပြည့်မီခြင်းသာဖြစ်သည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းတွင် သမိုင်းကြောင်းအစဉ်အလာ၊ တန်ဖိုးထားမှုများ၊ လက်တွေ့ဘဝအခြေအနေနှင့် ထိုနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုယ်ပိုင်နိုင်ငံရေးစနစ်ကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ ထို့ကြောင့် ကျူးကျော်စွက်ဖက်သည့် အသုံးအနှုန်းများပါဝင်သော အချက်အလက်များကို နိုင်ငံတော်အစိုးရသာမက ပြည်သူအားလုံးက လက်ခံလိမ့်မည်မဟုတ်ချေ။ ဆုံးဖြတ်ချက်အဆိုတင်သွင်းသူများ၏ သဘောထားသည် မြေပြင်၌ အမှန်တကယ်ပြောင်းလဲမှုများနှင့် တစ်သားတည်းမဖြစ်သည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများအပေါ် မလိုလားသည့်စိုးရိမ်မှုများကို ဖော်ညွှန်းထားသည်မှာ မြန်မာနိုင်ငံအခြေအနေနှင့်ဆီလျော်ကိုက်ညီခြင်း မရှိချေ။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေသည် မြန်မာနိုင်ငံ၏ပထဝီဝင်နှင့် လူဦးရေအနေအထားလိုအပ်ချက်အရ ပေါ်ထွက်လာသည့်ဥပဒေဖြစ်သည်။ ယင်းဥပဒေများသည် ပြည်တွင်းတရားစီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့်အပြင် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်လည်း ဆန့်ကျင်ခြင်းမရှိချေ။ မြန်မာနိုင်ငံ၏တိုင်းရင်းသားမျိုးနွယ်စုများတွင် မည်သည့်အခါမျှ မရှိခဲ့ဖူးသည့်အသုံးအနှုန်းများကို မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများက လက်ခံလိမ့်မည်မဟုတ်ချေ။

၁၉၅၀ ပြည့်လွန်နှစ်များမှစတင်၍ တိုင်းရင်းသားမျိုးနွယ်စုများတွင် ပါဝင်သည်ဟု လိမ်ညာတောင်းဆိုရန် တီထွင်သုံးစွဲလာခြင်းဖြစ်သည်။ ယင်းအသုံးအနှုန်းကို ဆက်လက်သုံးစွဲခြင်းသည် ပြည်သူများအကြား စိတ်ခံစားမှုကိုပြင်းထန်စေပြီး ထိခိုက်လွယ်သောကိစ္စဖြစ်သည်ကို သတိမူရပေမည်။ အသိုက်အဝန်းနှစ်ခုအကြား အေးချမ်းစွာအတူယှဉ်တွဲနေထိုင်လာသည့် အစဉ်အလာကောင်းကို ယခုကဲ့သို့ ပုံကြီးချဲ့ပြောဆိုခြင်းနှင့် နိုင်ငံရေးအတွက် အသုံးချမှုများသည် မီးလောင်ရာလေပင့်သကဲ့သို့ဖြစ်စေနိုင်သည်။

သို့ဖြစ်ရာ မမှန်မကန်သုံးသပ်မှုများကိုရှောင်ရှားကာ အပြုသဘောဆောင်ပြီး အကောင်းမြင်သောသဘောထားများဖြင့် အတူတကွဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းများအား ကြိုဆိုနေမည်ဖြစ်သည်။ ။

## ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်းအသားကျောက်များရောင်းချပွဲတွင် နိုင်ငံသားလုပ်ငန်းရှင်များကိုသာ ဝယ်ယူခွင့်ပြုမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**


မြန်မာ့ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းရောင်းချပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာအချောထည်လုပ်ငန်းရှင်များ ကုန်ကြမ်းပြတ်လပ်မှုမရှိစေရေး၊ အချောထည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး၊ ပြည်ပသို့ တရားမဝင်ရောင်းချခြင်းများ တားဆီးနိုင်ရေးနှင့် တူးဖော်ရေးလုပ်ငန်းရှင်များ ငွေကြေးလည်ပတ်မှုကို အထောက်အကူဖြစ်စေနိုင်ရေးကို ရည်ရွယ်၍ နိုင်ငံသားလုပ်ငန်းရှင်များကိုသာ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးမှ သိရသည်။

အဆိုပါ ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်းအသားကျောက်များရောင်းချပွဲတွင် ကျောက်မျက်ရတနာများကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ကျောက်တွဲများ၏ အခြေခံဈေးနှုန်းသတ်မှတ်ရာတွင် ပေးဆောင်ရမည့်အခွန်ကို ထည့်သွင်းတွက်ချက်သွားရန်နှင့် ဝယ်ယူသူများကလည်း အခွန်အခအပါအဝင် ဝယ်ယူကြရမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျောက်တွဲကြည့်ရှုစစ်ဆေးခွင့်ပေးပြီး ဒီဇင်ဘာ ၉ ရက်တွင် တင်ဒါစနစ်ဖြင့်ရောင်းချမည်ဖြစ်ကာ ရောင်းချပွဲအတွက် ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၅ ရက်မှ ၂၆ ရက်အထိ ကျောက်တွဲပေါင်း ၇၀၇၃တွဲ (ကျပ်သန်း ၃၀၀ ဖိုး)လက်ခံရောင်းချရန် လျာထားကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်တက်ရောက်ခဲ့ပြီး လုံခြုံရေးရာ လုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ကျောက်မျက်လုပ်ငန်းကော်မတီ၊ စီမံရေးရာလုပ်ငန်းကော်မတီ၊ ကျောက်မျက်လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**(ကြေးမုံ)**




## ရိတ်သိမ်းခြွေလှေ့စက်များအသုံးပြုရာတွင် ဧကများများပြီးစီးရေးထက် လေလွင့်မှုနည်းပါးရေးကိုသာ တောင်သူများ စိတ်ဝင်စား

**ရေတာရှည် နိုဝင်ဘာ ၂၀**

တောင်သူတို့၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်သားများစွာအသုံးပြုခြင်းအပြင် အချိန်ကြာမြင့်သည့်အတွက် ငွေကုန်ကြေးကျများစွာရှိခဲ့၍ တောင်သူများမှာ အကြွေးသံသရာမှ ရုန်းမထွက်နိုင်အောင်ဖြစ်ခဲ့ရကြောင်း တောင်သူတစ်ဦးက ပြောသည်။

တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ စပါးရိတ်သိမ်းရာ၌ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနိုင်ပြီဖြစ်၍ တောင်သူများ များစွာအဆင်ပြေကာ အချိန်တိုအတွင်း အခြားသောစိုက်ပျိုးသီးနှံများကို စိုက်ပျိုးနိုင်ကြသည်ကိုတွေ့ရသည်။

“အလုပ်သမားက တအားရှားတော့ အခု ရိတ်သိမ်းခြွေလှေ့စက်တွေဝင်လာတာ တောင်သူတွေအတွက် အဆင်ပြေပါတယ်။ ဒါပေမယ့် စက်တွေကို ကုမ္ပဏီတွေကထောင်ထားတော့ တစ်ရက်ကို ဘယ်နှဧကပြီးရမယ်၊ ဥပမာ ဆယ့်နှစ်ဧကလောက်ပြီးစေချင်တာ။ အဲဒီလို မောင်းတဲ့အခါကျတော့ စပါးအလေအလွင့်တွေများတယ်။ တောင်သူတွေနစ်နာတယ်။ အချို့ စက်တွေကျတော့လည်း တောင်သူတွေအပေါ် ကိုယ်ချင်းစာတော့ စိတ်ရှည်တယ်။ ဒါပေမယ့် တစ်ရက်ကို ရှစ်ဧကလောက်ပဲပြီးတယ်။ အလေအလွင့်များတဲ့စက်တွေကို တောင်သူတွေက ရှောင်ကြတယ်” ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။



ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းရာတွင် တစ်ဧကကျပ်လေးသောင်းခွဲကျသင့်ပြီး ကြားခံတစ်ဆင့်ပွဲစားများကြောင့် အပိုကုန်ကျမှုများလည်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## စဉ့်ကူးမြို့နယ်အနီး ရေလမ်းကြောင်းဟောင်းတွင် သောင်တူးလုပ်ငန်းဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျွန်းဦး-ရွာသာကျေးရွာအနီးတွင် ရေလမ်းကြောင်းဟောင်းနေရာမှ သောင်များကိုတူးဖော်၍ ရေလမ်းကြောင်းပေါက်သွားစေရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းအမှတ်-၅ မှ သောင်တူးလုပ်ငန်းဆောင်ရွက်နေကြောင်း သိရသည်။

“ရေကြောင်းအဟောင်းကို ပြန်လည်ဖော်ထုတ်လိုက်ရင် ရေကြောင်းနှစ်ခုခွဲသွားလို့ စီးဆင်းတဲ့ ရေထုထည်လျော့သွားပြီး ကမ်းပြိုမှုလျော့နည်းသွားမယ်။ ဒါကြောင့် ရေလမ်းကြောင်းအဟောင်းဘက်က သောင်တွေကို စက်ယန္တရားနဲ့ တူးဖော်ဖယ်ရှားတဲ့လုပ်ငန်း လုပ်ဆောင်တာဖြစ်ပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

အဆိုပါ သောင်တူးခြင်းလုပ်ငန်းကို နိုဝင်ဘာလဆန်းပိုင်းက စတင်လုပ်ဆောင်ခဲ့ပြီး လာမည့် ဒီဇင်ဘာတွင် လုပ်ငန်းပြီးစီးနိုင်ကြောင်း၊ လက်ရှိလုပ်ကိုင်နေသည့် သောင်တူးလုပ်ငန်းတွင် မီတာ ၂၅၀၀ အရှည်၊ အကျယ် ၃၅ မီတာ၊ အနက် ရေစစ်မျဉ်းအောက် သုံးမီတာရှိကြောင်း သိရသည်။

“ကျွန်တော်တို့ လုပ်ငန်းလုပ်ရာမှာ ပြီးမြောက်တွင်ကျယ်အောင် မနက် ၆ နာရီကနေ ညနေ ၆ နာရီထိ တစ်နေကုန်တူးပါတယ်။ မှောင်ရင် ဆလိုက်မီးသုံးတယ်။ စက်ပိုင်းဆိုင်ရာ ကောင်းမွန်ရင် ဒီဇင်ဘာလဆန်းပိုင်းမှာ ပြီးမယ်” ဟု လက်ထောက်အင်ဂျင်နီယာ ဦးကျော်သန်းဝင်းက ပြောသည်။

သောင်တူးလုပ်ငန်း လုပ်ဆောင်ခြင်းဖြင့် ရေလမ်းကြောင်းကောင်းမွန်ခြင်း၊ ကမ်းပြိုမှုလျော့ချနိုင်ခြင်း အကျိုးကျေးဇူးများကြောင့် ကျေးရွာနေပြည်သူများ၏ အိုးအိမ်မြေနေရာများနှင့် လယ်မြေများကို ကာကွယ်ပေးနိုင်ကြောင်း၊ ယခုလုပ်ဆောင်နေသည့် သောင်တူးလုပ်ငန်းအပြင် ကျွန်းဦးရွာသား ကမ်းပါးတွင် ရေလမ်းထိန်းအဆောက်အအုံများ ဆက်လက်တည်ဆောက်ရန်ရှိပြီး သောင်တူးလုပ်ငန်းအတွက် ငွေကျပ်သန်းပေါင်း ၁၁၀၊ ရေလမ်းထိန်းအဆောက်အအုံလုပ်ငန်းအတွက် ငွေကျပ် ၂၅၅ ဒသမ ၃ သန်း စုစုပေါင်းငွေကျပ် ၃၆၅ ဒသမ ၃ သန်း အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ပပ်ိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသက်ကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးမွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

**ပြည်တွင်းရေးရာ**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာနမိသားစုများ၏ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာန မိသားစုများ၏ မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ထိန်ပင်ကျေးရွာကျောင်းတိုက်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်၍ ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်နှင့်ဇနီးတို့က ဓမ္မာရုံအတွင်းရှိ ဗုဒ္ဓရုပ်ပွား တော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး ပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူ ပူဇော်သည်။

ယင်းနောက် မဟာဘုံကထိန် အလှူတော် မင်္ဂလာအခမ်းအနားကိုကျင်းပရာ ပျဉ်းမနား မြို့ မင်္ဂလာဇေယျံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော် ၄၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံး/ဌာန များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ရေဆင်းကန်ဦး ကျောင်းတိုက် ပဓာနနာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အမှူးပြုသော ပရိသတ် အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည် ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွား သရဇ္ဈာယ်ချီးမြှင့်တော်မူကြသည့် ပရိတ် တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့က ထိန်ပင်ကျောင်းတိုက် ဆရာတော် ဦးနန္ဒောဘာသထံ ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ပါဠိဆရာတော်ထံ ကထိန်သင်္ကန်း နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။**(ဓာတ်ပုံ)**

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် ဇနီးနှင့် ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အရာရှိကြီးများ၊ ရပ်မိရပ်ဖများက သံဃာတော်အရှင်သူမြတ်တို့ထံ ကထိန်သင်္ကန်း နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် ပါဠိဆရာတော်ကြီးထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြု သော ဧည့်ပရိသတ်များက ကထိန်အနု မောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသော မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားသည် ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) ရုံး/ဌာန မိသားစုများမှ ဇေယျာသီရိမြို့နယ်အတွင်း ကထိန်မရရှိသေးသော ဘုန်းတော်ကြီးကျောင်း ၄၁ ကျောင်းအတွက် ရည်မှန်းပြုလုပ်ခြင်း ဖြစ်ပြီး ပဒေသာပင်စုစုပေါင်း ၅၀၊ တန်ဖိုး ငွေကျပ် ၁၁၄ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြ ကြောင်းသိရသည်။ **(မြဝတီ)**

# ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေး မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များညှိနှိုင်းဆွေးနွေးမည်



**နိုဝင်ဘာ ၃ ရက်မှ ၈ ရက်အထိ တောင်ကိုရီးယားနိုင်ငံ၌ကျင်းပခဲ့သည့် "25th Asia-Pacific Regional Scout Conference"တွင် မြန်မာနိုင်ငံကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်ဆွေးနွေးစဉ်။**

**ရန်ကုန် နိုဝင်ဘာ ၂၁**

၂၀၁၇ ခုနှစ်တွင်ကျင်းပမည့် ကမ္ဘာ့ ကင်းထောက်ညီလာခံ၌ မြန်မာနိုင်ငံ အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံအဖြစ် အဆိုပြုတင်ပြသည့် အခါ ဆောင်ရွက်ဖွယ်ကိစ္စရပ်များကို ပြည့်ပြည့်စုံစုံဆောင်ရွက်နိုင်ရန် မြန်မာ နိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ရှေ့ လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးရေး အတွက် မြန်မာနိုင်ငံကင်းထောက် ယာယီကော်မတီနှင့် မြန်မာနိုင်ငံ ကင်းထောက်ကြီးများ ညှိနှိုင်းဆွေးနွေး ပွဲကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ တွင် ဒီဇင်ဘာ ၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်၍ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ရုံးက သက်ဆိုင်သူများကို ဖိတ်ကြား သွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၁၆ ခုနှစ်ဝန်းကျင်က မြန်မာ နိုင်ငံ ကင်းထောက်လုပ်ငန်းစဉ်များ စတင်လှုပ်ရှားဆောင်ရွက်ခဲ့ပြီး ၁၉၆၄ ခုနှစ်ဝန်းကျင်က မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းစဉ်များ ခေတ္တ ရပ်ဆိုင်းခဲ့ရာမှ ၂၀၁၂-၂၀၁၃ ပညာ သင်နှစ်တွင် လူငယ်များအား အများ အကျိုးသယ်ပိုးရန် အစဉ်အသင့်ရှိ သော မွန်မြတ်သည့်ကင်းထောက် လုပ်ငန်းစဉ်များကို နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီး ဌာနကဦးဆောင်ကာ အခြေခံပညာ ကျောင်းများတွင် စတင်လေ့ကျင့် အကောင်အထည် ဖော်ခဲ့သည်။ ၂၀၁၄ ခုနှစ် ပြင်ဦးလွင်ကင်းထောက် မောင်မယ်များ တောတွင်းစခန်းချ သည့်နေရာသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင်တက်ရောက်ပြီး မြန်မာနိုင်ငံ ကင်းထောက်ချုပ်ကြီး အဖြစ် ကတိခံယူကာ ကင်းထောက် လူငယ်မောင်မယ်များ၏ လုပ်ငန်း များကို ကြည့်ရှုအားပေးဂုဏ်ပြု ချီးမြှင့်ခဲ့သည်။

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်နှင့် ကမ္ဘာ့ ကင်းထောက် အဖွဲ့ချုပ်ကိုယ်စားလှယ် တို့က ၂၀၁၃ ခုနှစ်မှစတင်ကာ မြန်မာ နိုင်ငံသို့ရောက်ရှိလာပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ပြန်လည် ရှင်သန်ဖွံ့ဖြိုးရေးအတွက် လိုအပ် သည့် အကြံဉာဏ်များပေးခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းတို့ကို အရှိန်အဟုန်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံ အဖြစ် အသိအမှတ်ပြုနိုင်ရေးအလို့ငှာ ကြိုတင်စီစဉ် ဆောင်ရွက်ဖွယ်ကိစ္စရပ် များကို ကူညီပံ့ပိုးဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ က ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် "ASEAN Scout Association for Regional Cooperation (ASARC) Conference" သို့ တက်ရောက်ရန် အာရှပစိဖိတ်ဒေသ ဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်က ဖိတ်ကြားခဲ့သည်။

အလားတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၈ ရက်နေ့အထိ တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့ သည့် "25th Asia-Pacific Regional Scout Conference" သို့လည်း တက်ရောက်ရန် ထပ်မံ ဖိတ်ကြားခဲ့ရာ အဆိုပါ ညီလာခံနှစ်ခုသို့ မြန်မာနိုင်ငံ ကိုယ်စားပြု မြန်မာနိုင်ငံကင်းထောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး အပါအဝင် ကိုယ်စားလှယ်လေးဦး တက်ရောက်ခဲ့ ကြသည်။

Asia-Pacific Regional Scout (APR)အဖွဲ့ချုပ်က မြန်မာနိုင်ငံအား အဆိုပါညီလာခံများသို့ ပထမဦးဆုံး အကြိမ်တက်ရောက်ရန် တရားဝင် ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယား နိုင်ငံ၌ကျင်းပခဲ့သည့် "25th Asia-Pacific Regional Scout Conference" တွင် "မြန်မာနိုင်ငံကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံ အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် APR Steering Committee က မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အနီးကပ် ကြီးကြပ်ကူညီပံ့ပိုး ဆောင်ရွက်ကာ The World Organization of the Scout Movement (WOSM) ၏ စည်းမျဉ်းဥပဒေ Article V အရ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံ အဖြစ် မကြာမီအသိအမှတ်ပြုနိုင်ရေး အတွက် မြန်မာနိုင်ငံအားကူညီ ဆောင်ရွက်ရန်" ညီလာခံတက်ရောက် သူအားလုံးက တညီတညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြသည်။

**(ကိုလတ်-သတင်းစဉ်)**

❖ **ကန်ဒေါ်လာမှ**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အဓိက လုပ်ငန်းများလည်ပတ် လုပ်ကိုင်သည့် ပူးမားကုမ္ပဏီမှာ မြန်မာ နိုင်ငံ၌ ရေနံဆီသိုလှောင်ရေး အဆောက်အအုံများတည်ဆောက်ရန် တရားဝင်ခွင့်ပြုချက်ရရှိခဲ့သည့် ပထမ ဆုံးသော ပြည်ပကုမ္ပဏီဖြစ်ကြောင်း ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ် ဒင်းနစ် ချာဇာရိန်းက တွေ့ဆုံမေးမြန်းမှု တစ်ခုတွင် ပြောကြားသည်။ ပူးမား ကုမ္ပဏီသည် လက်လီဆိုင်များအပြင် ချောဆီများ၊ လောင်စာဆီနှင့် လက်ကားဈေးများ ဖွင့်လှစ်ရေးသဘော တူညီမှုများရရှိရန် ရည်မှန်းလျက် ရှိသည်။

ပူးမားကုမ္ပဏီမှာ ဓာတ်ငွေ့ရည် (LPG) ဖြန့်ဖြူးရေးလုပ်ငန်းလုပ်ကိုင် ရန်အတွက် နိုင်ငံပိုင် မြန်မာ့ရေနံ ဓာတုလုပ်ငန်း(MPE)နှင့် အကျိုးတူ ဖက်စပ်လုပ်ငန်းတစ်ခု တည်ထောင်ရန် အစိုးရထံတင်ဒါလျှောက်ထားသည့် ပြည်ပကုမ္ပဏီ ၁၁ ခုအနက် တစ်ခု ဖြစ်သည်။ ဓာတ်ငွေ့ရည် (LPG) မှာ တရုတ်နှင့် အိန္ဒိယနိုင်ငံကြား အရေး ပါသော ကုန်သွယ်ရေးလမ်းကြောင်း တစ်ခုပေါ်တွင် နေရာယူထားသည့် မြန်မာနိုင်ငံ၌ ချက်ပြုတ်ရာတွင် အသုံးပြုသည့် အဓိကလောင်စာဆီ တစ်မျိုးဖြစ်သည်။

(Bloomberg.com)

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

# ကုလသမဂ္ဂလုံခြုံရေးကောင်စီက အိုင်အက်စ်အကြမ်းဖက်သမားများကို ချေမှုန်းရန် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်း

**နယူးယောက် နိုဝင်ဘာ ၂၁**

အိုင်အက်စ်စစ်သွေးကြွများ ကျူးလွန်ခဲ့သည့် ပြင်သစ်နိုင်ငံ ပါရီမြို့တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကို ရှုတ်ချသည့် ပြင်သစ်နိုင်ငံ၏အဆိုတစ်ခုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်းထောက်ခံခဲ့ကြပြီး နောင်ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုများမှကာကွယ်နိုင်ရန် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို တိုက်ခိုက်ချေမှုန်းရန် ကမ္ဘာ့နိုင်ငံအားလုံးကို တိုက်တွန်းထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများပြီးနောက် တစ်ပတ်အကြာတွင် ပြင်သစ်နိုင်ငံမှ တင်သွင်းထားသည့် အကြမ်းဖက်မှုများကိုရှုတ်ချသော အဆိုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် မဲပေးဆုံးဖြတ်ခဲ့ကြသည်။ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကလည်း ပါရီအကြမ်းဖက်မှုများသည် ၎င်းတို့ကျူးလွန်ခြင်းဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အစောပိုင်းကဖြစ်ပွားခဲ့သော အီဂျစ်နိုင်ငံအတွင်း ရုရှားလေယာဉ်ပျက်ကျမှုအပါအဝင် ယခုနှစ်ဇွန်လပိုင်းက တူနီးရှား၊ တူရကီနှင့် လက်ဘနွန်နိုင်ငံများတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကို ရှုတ်ချသည်ဟုဆိုသည်။ ယင်းအကြမ်းဖက်မှုများတွင်လည်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့ ပါဝင်ပတ်သက်မှုရှိသည်ဟု ယုံကြည်ရသည်။

ပြင်သစ်နိုင်ငံ၏ အကြမ်းဖက်မှုများကို ရှုတ်ချသည့်အဆိုသည် နောင်ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုများကို သတိချပ်ရန် ညွှန်းဆိုနေသည်။ အကြမ်းဖက်မှုများကို ကြိုတင်ကာကွယ်ရန် နိုင်ငံတကာဥပဒေနှင့်အညီ ကြိုတင်စီမံမှုများ လုပ်ဆောင်ထားသင့်ကြောင်း ကမ္ဘာ့နိုင်ငံအားလုံးကို ယင်းအဆိုတွင် တိုက်တွန်းထားသည်။

ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်သံအမတ်ကြီး ဖရန်ကိုစ် ဒီလာတယ်ရီက ယင်းအဆို၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့သည်။ ယင်းအဆိုသည် အိုင်အက်စ်အကြမ်းဖက်အုပ်စုကိုတိုက်ခိုက်ရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအတွက် ရပ်တည်ချက်သဘောထားနှင့်နိုင်ငံများအကြား ကျယ်ပြန့်သောညှိနှိုင်းဆောင်ရွက်မှုအတွက်ပါ အရေးပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



ဆီးရီးယား ကမ်းလွန်ပြင်တွင် ပြင်သစ်လေယာဉ်တင်သင်္ဘော ချားလီးဒီဂွားလီကို တပ်ဖြန့်ထားပြီး လေကြောင်းတိုက်ခိုက်မှုများ စတင်လိမ့်မည်ဟု သံအမတ်ကြီး ဖရန်ကိုစ် ဒီလာတယ်ရီက ဆိုသည်။ သို့သော် အကြမ်းဖက်အဖွဲ့အား ချေမှုန်းရေးအတွက် မြေပြင်တပ်ဖွဲ့များကို ဆီးရီးယားနိုင်ငံသို့ စေလွှတ်ရန် အစီအစဉ်ရှိ မရှိကိုမူ ပြောကြားခြင်းမရှိခဲ့ပေ။

**အင်န်အိတ်ချ်ကေ။**

## အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အာရှကမ္ဘာလှည့်များ ဥရောပသို့ သွားရောက်မှုလျော့နည်းလာ

**ရှန်ဟိုင်း နိုဝင်ဘာ ၂၁**

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး အဲဖရန့် ပြင်သစ်လေကြောင်းဌာန၏ လေယာဉ်များကို ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုများ ပေါ်ထွက်ခဲ့ပြီးနောက် ကြွယ်ဝချမ်းသာသော အာရှနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များသည် ဥရောပသို့ အလည်အပတ်သွားရောက်ရေးနှင့်ပတ်သက်၍ အလေးအနက် စဉ်းစားလာကြရပြီဖြစ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှု ဘေးအန္တရာယ်ကြောင့် ခရီးသွားလုပ်ငန်းထိခိုက်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အုပ်စုလိုက် ခရီးသွားလာသော အလည်အပတ် ခရီးစဉ်များအတွက် ခရီးစဉ်များ ပြန်လည်ဖျက်သိမ်းခြင်းများ ရှိနေကြောင်း၊ ပါရီ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကမ္ဘာလှည့်ခရီးသည်များ တုန်လှုပ်ချောက်ချားမှုဖြစ်ခဲ့ကြရပြီး အလည်အပတ် သွားရောက်မည့် ၎င်းတို့၏ အစီအစဉ်များကို အလျင်စလို ပြန်လည်ဖျက်သိမ်းခဲ့ကြကြောင်း တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ခရီးသွားလုပ်ငန်း ကုမ္ပဏီများက ပြောကြားကြသည်။

တရုတ်နိုင်ငံမှ ကြွယ်ဝချမ်းသာသော ကမ္ဘာလှည့်ခရီးသည်များသည် လောလောဆယ်တွင် ပါရီမြို့သို့ ခရီးသွားရောက်လိုခြင်းမရှိကြပေ။ ပါရီ၌ ယခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီးနောက် တရုတ်လူမျိုးခရီးသည်များအနေဖြင့် ပြင်သစ်နိုင်ငံသို့ သွားရောက်လိုခြင်းထက် အခြားဥရောပနိုင်ငံများသို့သာ သွားရောက်လိုတော့ကြောင်း ရှန်ဟိုင်းမြို့ရှိ စီထရစ်အမည်ရှိ ခရီးသွားလုပ်ငန်းကုမ္ပဏီမန်နေဂျာ ဂျိန်းချန်းက ပြောကြားသည်။

ပြင်သစ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သော ထိပ်တန်းနိုင်ငံများ၌ ပါဝင်သည်။ လွန်ခဲ့သည့်နှစ်က ပြင်သစ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၇ သန်း အလည်အပတ် လာရောက်ခဲ့ပြီး ယခုနှစ်တွင် နှစ်သန်းအထိ လာရောက်မည်ဟု ကနဦးတွင် ခန့်မှန်းခဲ့သည်။



**ရိုက်တာ။**

## အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် အထိမ်းအမှတ် စစ်ရေးပြပွဲသို့ အထူးဧည့်သည်အဖြစ် တက်ရောက်ရန် ပြင်သစ်သမ္မတအား ဖိတ်ကြား

**နယူးဒေလီ နိုဝင်ဘာ ၂၁**

လာမည့်နှစ် ဇန်နဝါရီလအတွင်း ကျင်းပမည့် အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ အထူးဧည့်သည်အဖြစ် တက်ရောက်ရန် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းအား ဖိတ်ကြားကြောင်း နိုဝင်ဘာ ၂၁ ရက်တွင် အိန္ဒိယသတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။

အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၇)နှစ်မြောက် စစ်ရေးပြအခမ်းအနားသို့ အထူးဧည့်သည်အဖြစ် တက်ရောက်ရန် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ ဖိတ်ကြားချက်ကိုပြင်သစ်သမ္မတက လက်ခံကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ပါရီမြို့ အကြမ်းဖက်တိုက်ခိုက်မှု ခံရပြီးနောက် မျှားမကြာမီတွင် အိန္ဒိယနိုင်ငံ၏ ယင်းဖိတ်ကြားချက်အား ပြင်သစ်သမ္မတက လက်ခံလိုက်ခြင်းသည် အိန္ဒိယနိုင်ငံအတွက် အဓိကကျသော သံတမန်ရေးရာ အောင်မြင်မှုတစ်ခုဖြစ်သလို အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် အိန္ဒိယ၏ အခိုင်အမာရပ်တည်မှုကို ပြသလိုက်ခြင်းဖြစ်သည်။

၂၀၁၅ ခု ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပခဲ့သည့် အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၆)နှစ်မြောက် စစ်ရေးပြအခမ်းအနားသို့ အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အထူးဧည့်သည်အဖြစ် တက်ရောက်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေး ရယူခဲ့ပြီး ၁၉၅၀ ပြည့်တွင် သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။

**ဆင်ဟွာ။**

## ပျောက်ဆုံး MH370 လေယာဉ်ဆက်လက်ရှာဖွေရန် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ သန်းခန့် တရုတ်ကူညီမည်

ကွာလာလမ်ပူ နိုဝင်ဘာ ၂၁

**လေကြောင်းပျံသန်းမှုသမိုင်းတစ်လျှောက် အကုန်အကျအများဆုံးရှာဖွေမှုလုပ်ငန်းများအနက်တစ်ခုဖြစ်သည့် ပျောက်ဆုံး MH370 လေယာဉ်ပိုက်စိပ်တိုက်ရှာဖွေရန် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ သန်းခန့် အကူအညီပေးမည်ဖြစ်ကြောင်း သိရသည်။**



တရုတ်ဝန်ကြီးချုပ် လီခချန်းသည် အဆိုပါကြေညာမှုအား ယနေ့ကျင်းပသည့် အာရှ-ပစိဖိတ်ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး၌ ဩစတြေးလျဝန်ကြီးချုပ် မယ်လ်ကွန်တန်ဘူးလ်နှင့် တွေ့ဆုံမှုတစ်ခုအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ "တရုတ်နိုင်ငံဘက်က လူသားတွေအတွက် အကြီးမားဆုံးလေးစားသမှုရှိမှုနဲ့အညီ ဒီလိုအကူအညီ ပေးတာပါ။ မလေးရှားနဲ့ဩစတြေးလျနိုင်ငံတွေက ရှာဖွေမှုနဲ့ ကယ်ဆယ်မှုကို ဆက်လက်လုပ်ဆောင်မှာဖြစ်ပြီး တရုတ်နိုင်ငံနဲ့ အကျိုးပြုတဲ့ဆက်သွယ်မှုကို ထိန်းသိမ်းမယ်လို့မျှော်လင့်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပင်္ဂလာပင်လယ်ပြင်ရှိ ... 

ပဲ့ါကမ်းရိုးတန်းအလွန် စတုရန်းကီလိုမီတာ ၆၀၀၀၀ (စတုရန်းမိုင် ၂၃၀၀၀) ရှိသော ကျောက်ဆောင် ကမ်းပါးပေါ်များသော ပင်လယ်ပြင်တစ်လျှောက် ဩစတြေးလျဒေါ်လာသန်း ၁၂၀ အကုန်အကျခံ၍ ကနဦးရှာဖွေမှုပြုလုပ်ရာတွင် လေယာဉ်နှင့်ပတ်သက်သည့် မည်သည့်အမှတ်အသားမျှ မတွေ့ရှိခဲ့ပေ။ နောက်ပိုင်း ဩစတြေးလျဒေါ်လာ သန်း ၅၀ သုံးစွဲ၍ MH370 လေယာဉ်ပျံသန်းခဲ့ရာလမ်းကြောင်း၏ ၉၅ ရာခိုင်နှုန်းထိကျယ်ဝန်းသည့် နောက်ထပ် စတုရန်းကီလိုမီတာ ၆၀၀၀၀ ထိ ရှာဖွေမှုတိုးချဲ့ခဲ့သည်။ ယခုနှစ်အစောပိုင်းတွင် ရှာဖွေရေးအဖွဲ့များက အိန္ဒိယသမုဒ္ဒရာအတွင်း ရီယူနီယမ်ကျွန်းပေါ်၌ လေယာဉ်တောင်ပံအပိုင်းအစတစ်ခုကို တွေ့ရှိခဲ့ပြီး ယင်းမှာ မလေးရှားဂျက်လေယာဉ်အပျက်အစီးမှ အစိတ်အပိုင်းဖြစ်မည်ဟု အာဏာပိုင်များက ယုံကြည်သည်။

**ရိုက်တာ။**

## ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

နိုင်ငံရေးပါတီများမှတက်ရောက်လာကြသော ကိုယ်စားလှယ်များက(UPDJC) ဖွဲ့စည်းရာတွင် ပါဝင်မည့် နိုင်ငံရေးပါတီများကိုယ်စားပြုကိုယ်စားလှယ် ၁၆ ဦးကို ရွေးချယ်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကပြောကြားရာတွင် ယနေ့ ညှိနှိုင်းဆွေးနွေးပွဲသည် UPDJC ကော်မတီဖွဲ့စည်းရေးအတွက် နိုင်ငံရေးပါတီများမှကိုယ်စားလှယ် ၁၆ ဦးရွေးချယ်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီပေါင်း (၈၃) ပါတီနှင့်လည်း နိုဝင်ဘာ ၁၂ ရက်နေ့က MPC တွင် အလွတ်သဘောဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ရွေးချယ်ရာတွင် ဝိုင်းကူညီနိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊အစိုးရဘက်က UPDJC ကိုယ်စားလှယ်များလည်း တက်ရောက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယခုရွေးချယ်ပွဲသည် နိုင်ငံရေးပါတီများကိုယ်တိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးချယ်ရာတွင် လိုအပ်သည့်မူဝါဒများအား နိုင်ငံရေးပါတီများကသာ ချမှတ်ရမည်ဖြစ်ပါကြောင်း၊ ရွေးချယ်ရာတွင် အတတ်နိုင်ဆုံး မျှမျှတတ၊ အများစုလက်ခံနိုင်အောင် ဆွေးနွေးရွေးချယ်ကြရန်လိုအပ်ကြောင်း၊ UPDJC သည် နိုင်ငံရေးဆွေးနွေးပွဲလုပ်ဆောင်ရန်မဟုတ်ဘဲ နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ပေါ်စေရန်အတွက် ဆောင်ရွက်ပေးရမည့် ကော်မတီ "ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ" ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံရေးပါတီများကိုယ်စားပြု ကိုယ်စားလှယ်ရွေးချယ်ရာတွင် တိုင်းရင်းသားပါတီ (၅၅) ပါတီမှ ကိုယ်စားလှယ် လေးဦးနှင့် အကြံပေး လေးဦး၊ တိုင်းရင်းသားပါတီမဟုတ်သော ပါတီ (၃၆) ပါတီမှ ကိုယ်စားလှယ်လောင်း သုံးဦးနှင့် အကြံပေးလေးဦးတို့ကို မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့သည်။

တိုင်းရင်းသားပါတီ (၅၅) ပါတီမှ ကိုယ်စားလှယ်လေးဦးအဖြစ် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဦးမင်းနွယ်စိုး၊ ဖက်ဒရယ် ပြည်ထောင်စုပါတီမှ ဦးစောသန်းမြင့်၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးငိုင်ဆာ့ခ်နှင့် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီမှ ဦးမန်းအောင်ပြည်စိုးတို့ကိုရွေးချယ်ခဲ့သည်။ တိုင်းရင်းသား ပါတီမဟုတ်သော ပါတီ (၃၆) ပါတီမှ ကိုယ်စားလှယ် သုံးဦးအဖြစ် ဒီမိုကရက်တစ်ပါတီ -မြန်မာမှ ဦးသုဝေ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဦးခင်မောင်ဆွေနှင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ တို့မှ ဦးမျိုးညွန့်တို့ကိုရွေးချယ်ခဲ့ကြသည်။



နိုင်ငံရေးပါတီ ၉၁ ပါတီကိုယ်စားပြု ကိုယ်စားလှယ်ရွေးချယ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဆွေးနွေးစဉ်။

ပါတီများကိုယ်စားပြုရွေးချယ်သည့် UPDJC ကော်မတီဝင် ၁၆ ဦးအနက်တွင် ကိုးဦးကိုမဲပေးသည့်စနစ်ဖြင့် ရွေးချယ်ခဲ့ခြင်းမပြုဘဲတိုက်ရိုက်ရွေးချယ်ခဲ့သည်။ အဆိုပါ ကိုးဦးမှာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နှစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ဒေါက်တာအေးမောင်၊ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်မှ တစ်ဦး၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးစုများမဟာမိတ်(UNA) မှ တစ်ဦး၊ ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် (FDA)မှ ဦးစောထွန်းမြင့်နှင့် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (NBF) မှ ဦးဇိုဇမ်တို့ ဖြစ်ကြသည်။

ကိုယ်စားလှယ်လောင်းရွေးချယ်မှုနှင့် စပ်လျဉ်း၍ MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေက "ဒီနေ့ ဆွေးနွေးပွဲရဲ့ အခက်အခဲတစ်ခုကတော့ အားလုံးကစိတ်အားထက်သန်ပြီး ပါဝင်ချင်တာဖြစ်တဲ့အတွက် ကိုယ်စားလှယ်ရွေးချယ်တဲ့အပိုင်းမှာ အားလုံးကပါဝင်ချင်ကြတယ်။ ဒီအခက်အခဲကလွဲရင် အားလုံးအဆင်ပြေပါတယ်။ ကိုယ်စားလှယ်ရွေးချယ်ရာမှာ အများပြည်သူလူထုယုံကြည်မှုရှိရမယ်။ တကယ့်လက်တွေ့ အလုပ်လုပ်နိုင်မယ့်သူကို စဉ်းစားပြီးရွေးချယ်ခဲ့တယ်။ ၁၀၀ ရာခိုင်နှုန်းမဟုတ်ပေမယ့် အများစုသဘောနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု အခက်အခဲကိုပြောသည်။

အကြံပေး ရှစ်ဦးအဖြစ် ကချင်ပြည်နယ်ဒီမိုကရေစီပါတီမှ ဦးမနမ်တူးဂျာ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်စိုးမြင့်၊ ကယားလူမျိုးစုပါတီမှ စောဒယ်နီယယ်၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ တာလှဖေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးသိန်းထွန်း၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီမှ ဦးကျော်သူအောင်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီမှ ဦးအောင်မိုးဇော်၊ ဝံသာနုဒီမိုကရက်တစ်ပါတီမှ ဒေါ်နန်းရွှေကြာတို့အား ရွေးချယ်ခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အတွက် အစိုးရ၊ တပ်မတော်နှင့် လွှတ်တော်အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦးနှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦးကို ရွေးချယ်နိုင်ခဲ့ပြီဖြစ်သည်။

UPDJC တွင် နိုင်ငံတော်အစိုးရဘက်မှ ကိုယ်စားလှယ်အဖြစ် ပါဝင်သူ ဦးလှမောင်ရွှေက "ပထမဦးဆုံးအကြိမ် နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့ သေချာသလောက်ရှိသွားပြီ။ ဒီအုတ်မြစ်တွေဟာနောက်ပိုင်းမှာ တာဝန်ယူမယ့် အစိုးရတွေအနေနဲ့ ဆက်ပြီးဆောင်ရွက်မယ်ဆိုရင် နိုင်ငံရေးဆွေးနွေးပွဲကနေတစ်ဆင့် ပြည်သူတွေလိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီကို နောင်နှစ်တွေမှာရနိုင်မယ်လို့ မျှော်လင့်ပါတယ်။လာမယ့် နိုဝင်ဘာ ၂၄ ရက်နေ့ ဆွေးနွေးပွဲကနေပြီးတော့ မူဘောင်ရေးဆွဲမယ့် မူကြမ်းကော်မတီကိုဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဒီအထဲမှာ အကြံပေးတွေ၊ အလုပ်အဖွဲ့တွေ ပါလာမယ်လို့ မျှော်လင့်ပါတယ်။ အဲ့ဒီကနေ NCA စာချုပ်အရ နိုင်ငံရေးမူဘောင်ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်ထက် နောက်မကျဘဲစတင်ရပါမယ်။ ဒါကြောင့် အလုပ်လုပ်ရမယ့် ရက် ၁၀ ရက်လောက်မှာ ကျွန်တော်တို့ ဒါတွေကိုဆောင်ရွက်ဖို့ ရှိပါတယ်" ဟု သုံးသပ်ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)တွင် ပါဝင်မည့် အစုအဖွဲ့ သုံးစုမှ ကိုယ်စားလှယ်များ၏ ပထမဆုံး အစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**သတင်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ - ဖိုးထောင်**

---

**❒ စင်းလုံးငှားမှ**

မြန်မာအမျိုးသားလေကြောင်းလိုင်းတွင် မူလက Caravan Ex လေယာဉ်နှစ်စင်းရှိရာ အသစ်မှာယူထားသည့် Cessna Grand Caravan Ex လေယာဉ်နှစ်စင်းမှာ နိုဝင်ဘာ ၂၀ ရက်တွင် ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာခဲ့ပြီး အဆိုပါ Caravan လေယာဉ်များဖြင့် ပြည်တွင်းရှိလမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများသို့ ပျံသန်းပြေးဆွဲပေးနိုင်မည်ဟု သိရသည်။ ယင်းအပြင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအတွက် စင်းလုံးငှား လေယာဉ်ခရီးစဉ်များကိုလည်း ပြေးဆွဲပေးနိုင်မည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းကပြောသည်။

လေယာဉ်သစ်နှစ်စင်း ရောက်ရှိလာခြင်းနှင့်ပတ်သက်၍ မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းက "Cessna Aircraft ကုမ္ပဏီက ၂၀၁၄ ခုနှစ် မေ ၆ ရက်မှာ စာချုပ်ချုပ်ဆိုပြီး Cessna Grand Caravan Ex လေယာဉ်သစ်နှစ်စင်းဝယ်ယူခဲ့ခြင်းဖြစ်ပါတယ်။ ယခင်ရှိတဲ့ နှစ်စင်းနဲ့ဆိုရင် စုစုပေါင်း လေစင်းနဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒေသများမှ ပြည်သူများ သွားလာရေးအဆင်ပြေစေဖို့အတွက် ပျံသန်းပို့ဆောင်နိုင်ရန် ရည်ရွယ်ပြီး စင်းလုံးငှား ခရီးစဉ်များကိုလည်း ပျံသန်းပေးမှာဖြစ်ပါတယ်။ လေကြောင်းလိုင်းအနေနဲ့ နိုင်ငံတော်ပိုင်ဖြစ်တာနဲ့အညီ စီးပွားရေးတွက်ခြေကိုက်သည့် လေယာဉ်များရှိသကဲ့သို့ နိုင်ငံတော်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကွင်းတိုလေယာဉ်များ ဆင်းသက်နိုင်တဲ့ ယခုလို လေယာဉ်ငယ်များကိုလည်း ဝယ်ယူဆောင်ရွက်ပေးတာဖြစ်ပါတယ်" ဟု ကပ္ပတိန်သန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ပြည်တွင်းပြည်ပခရီးစဉ်များတိုးချဲ့ပြေးဆွဲနိုင်ရန်အတွက် လေယာဉ်သစ်များ ဖြည့်တင်းလျက်ရှိရာတွင် Boeing 737-800 လေယာဉ် ၁၀ စင်းကိုငှားရမ်းထားပြီးဖြစ်ပြီး လက်ရှိတွင် နှစ်စင်းရောက်ရှိနေပြီဖြစ်ကာ ရန်ကုန်-စင်ကာပူ- ရန်ကုန် ခရီးစဉ် ပြေးဆွဲပေးလျက်ရှိပြီး လာမည့် ဒီဇင်ဘာလတွင် ရန်ကုန်-ဟောင်ကောင်-ရန်ကုန် ခရီးစဉ်တို့ကို ဆက်လက်ပြေးဆွဲသွားမည်ဖြစ် သည်။ ဆက်လက်၍ ရန်ကုန်-ချင်းမိုင် ခရီးစဉ်ကိုလည်း ပျံသန်းပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းခရီးစဉ်များတွင်လည်း လေယာဉ်သစ်များ မှာယူပြေးဆွဲလျက်ရှိကြောင်း သိရသည်။

လက်ရှိ ပြည်တွင်း ပြည်ပခရီးသွား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် အချို့မြို့များတွင် ကွင်းတိုလေယာဉ်များ ဆင်းသက်နိုင်သည့် လေယာဉ်ငယ်များဖြင့် ပြေးဆွဲပေးခြင်းဖြင့် ခရီးသွားဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုနိုင်ပြီး ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအတွက် စင်းလုံးငှား ခရီးစဉ်များလည်း ပိုမိုတွင်ကျယ်လာနိုင်သည်ဟု ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများက မျှော်လင့်ထားသည်။ **(ဆုနှင်းလဲ့)**

---

## စွန့်ပစ်မြေစာပုံ ပြိုကျရာမှ လူပေါင်းရာချီ ပျောက်ဆုံးလျက်ရှိ

**ဖားကန့် နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆန်ခတ်ကူးကျေးရွာတွင် ယနေ့ နံနက်က စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် အိမ်ခြေ ၈၀ ခန့် မြေမြုပ်ကာ လူပေါင်းရာချီ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ပြိုကျသွားသည့် မြေစာပုံအောက်ခြေတစ်ဝိုက်တွင် ရေမဆေးကျောက် ရှာဖွေသည့်လုပ်ငန်းလုပ်ကိုင်လျက်ရှိကြသည့် တဲအများအပြားရှိပြီး မြေစာပုံပြိုကျချိန်မှာ ဒေသခံများတဲများအတွင်း အိပ်နေကြချိန်ဖြစ်၍ လူသေဆုံးမှုများနိုင်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရသည်။

အဆိုပါ မြေပြိုကျမှုဖြစ်ရာသို့ သက်ဆိုင်ရာ အာဏာပိုင်များနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။



ရေမဆေးကျောက်ရှာဖွေနေမှုကို တွေ့ရစဉ်။ [ဓာတ်ပုံ- ဆင်ဟွာ]

ယခုပြိုကျသည့် မြေစာပုံသည် ဖားကန့်ဒေသ၌ စက်ယန္တရားကြီးများသုံးပြီး ကျောက်တူးဖော်ရေးလုပ်ငန်းများမှ စွန့်ပစ်ထားခြင်းဖြစ်ပြီး ယခုနှစ်အတွင်း အနည်းဆုံး ငါးကြိမ် ပြိုကျပြီးဖြစ်သည်ဟု ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ **(ကြေးမုံ)**

---

## Facebook CEO မက်ဇူကာဘက် ခွင့်နှစ်လယူရန် ဆုံးဖြတ်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက် Facebook ၏ CEO မက်ဇူကာဘက်၏ Priscilla Chan ဇနီးကလေးမွေးပါက ခွင့်နှစ်လယူမည်ဖြစ်ကြောင်း၊ သမီးကလေးမွေးပြီးနောက် ကလေးအတွက်အချိန်ပေးနိုင်ရန် မိသားစုအတွက် အရေးကြီးချိန်ဖြစ်၍ ခွင့်ယူရခြင်းဖြစ်ကြောင်း မက်ဇူကာဘက်က ပြီးခဲ့သည့်သောကြာနေ့က ပြောကြားသည်။

facebook ကုမ္ပဏီသည် ၎င်း၏ အမေရိကန်နိုင်ငံမှ ဝန်ထမ်းများကို ကလေးမွေးဖွားခွင့်နှင့် ကလေးတစ်နှစ်သားအတွင်း သုံးစွဲနိုင်ရန် လေးလစာကြိုပေးခြင်းကို ၎င်းတို့၏ မူဝါဒစံအဖြစ် ရက်ရက်ရောရော ပြုပေးတတ်ကြသည်။ ကယ်လီဖိုးနီးယားမှ မက်ဇူကာဘက်နှင့် မဇာချူးဇက်ပြည်နယ်မှ Priscilla Chan တို့သည် ၂၀၁၂ မေလတွင် လက်ထပ်ထိမ်းမြားခဲ့ပြီး ယခုနှစ်ဇူလိုင်လကလည်းက သမီးလေးမွေးရန် မျှော်လင့်ခဲ့ကြသည့်အတိုင်း မကြာမီအိမ်သို့ရောက်လာမည့် သမီးလေးအတွက် ကလေးသဘာဝ အလျောက်ကစားစရာများ၊ ကလေးစီးလက်တွန်းလှည်းနှင့် ကလေးစာအုပ်များ အမြောက်အမြားစုထားကြောင်း ဇူကာဘက်၏ ဖေ့ဘုတ်စာမျက်နှာတွင် ၎င်းတို့၏ ချစ်စရာကောင်းသည့် ခွေးလေးနှင့်အတူ ဖော်ပြထားသည်။ ယခုလို ကလေးအတွက် အချိန်ပေးခြင်းသည် မိသားစုနှင့် ကလေးအတွက် အကျိုးကျေးဇူးများစေကြောင်း လေ့လာသူများက သုံးသပ်သည်။

၂၀၁၅ ခုနှစ်တွင် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးအဖွဲ့က ဝန်ထမ်း ၂၀ ရာခိုင်နှုန်းကိုလေ့လာရာ ၁၇ ရာခိုင်နှုန်းမှာ မီးဖွားခွင့်ခံစားထားကြောင်း၊ အောင်မြင်သည့် လုပ်ငန်းများတွင် အရည်အသွေးရှိသော ထက်မြက်သည့် ဝန်ထမ်းများ မကျဆင်းသွားရန် ယခုလိုနည်းဖြင့် ထိန်းသိမ်းထားခြင်းဖြစ်သည်။ အသက်(၃၁)နှစ်ရှိသည့် မက်ဇူကာဘက်သည် ကုမ္ပဏီ၏ အလုပ်များကို လုပ်ဆောင်နေသဖြင့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားမှုများကို ချက်ချင်းမပြုပေ။

၂၀၁၂ ခုနှစ်က Yahoo Inc CEO Marissa Mayer ၏ ပထမကလေးမွေးဖွားခွင့် နှစ်ပတ်သာ ခွင့်ယူခဲ့သဖြင့် ယခုလို ဇူကာဘက်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ခွင့်နှစ်လယူခြင်းသည် အမှုဆောင်အရာရှိများအကြားတွင် အများဆုံးဖြစ်ကြောင်းနှင့် အပြုသဘော အပေါင်းလက္ခဏာဆောင်ကြောင်း၊ သူ၏ဖေ့ဘုတ်စာမျက်နှာအပေါ်တင်ပြီး၁၂ နာရီကြာတွင် like လုပ်သူပေါင်းနှစ်သိန်းကျော်ပြီး ဝမ်းမြောက်စွာ comment များ ရေးသားကြကြောင်း သိရသည်။ **(ဖိုးသန့်)**

# ကထိန်လှူသင်္ကန်း နှင့် မဂ်လမ်းဆုပန်ရွှယ်

ဝိသဇ္ဇက(ပဲခူး)

"နှင်းပေါက်မဝေ၊ မိုးမစွေသား၊ အပတယံ၊ နေဝင်ယံတွင်၊ ယုန်ခံဘုံစက်၊ ခုန်ပြန်တက်၍၊ ကျီးကြွတ်တာရာ၊ ကြယ်နှင့်လာသော်၊ တန်ဆာဆင်ယင်၊ နတ်သဘင်သို့" ဟု ဥမ္မာဒန္တီပျို့တွင် တန်ဆောင်မုန်းလ၏ နက္ခတ်သဘင်ပွဲနှင့်နှိုင်း၍ ဩကာသလောက သာယာပုံကိုဖွဲ့ဆိုထားသည်။ လောကနီတိကျမ်းတွင်လည်း "ရတုကာလံ ရတုကာလတို့တွင် သရဒံ တန်ဆောင်မုန်းလသည် ပဓာနံမြတ်၏"ဟု အဋ္ဌကထာဆရာတို့ကဖွင့်ဆိုထား၏။

တန်ဆောင်မုန်းလဟူသော အခေါ်အဝေါ် အဓိပ္ပာယ်ကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင်-

**"တန်"သည် တန်ခိုးပုဒ်ရှိသော တန်ဆောင်ကဲ့သို့ အလင်းရောင်ဟူသော အနက်အဓိပ္ပာယ်ကိုဆောင်၏။**

**"ဆောင်"ဟူသောပုဒ်သည် အသားဆောင် စသော ပုဒ်တို့နှင့်လာရှိသော "ဆောင်"ကဲ့သို့ထွန်းလင်းခြင်း အဓိပ္ပာယ်နှင့် သယ်ဆောင်၊ ယူဆောင်တို့၌ပါရှိသော ဆောင်ကဲ့သို့ သယ်ဖို့ခြင်း၊ ယူငင်ခြင်းအဓိပ္ပာယ်ကိုလည်း ဖော်ပြ၏။**

**"မုန်း"သည် ချေဖျက်ခြင်း၊ ချေမှုန်းခြင်းအဓိပ္ပာယ် ရှိသည်ဟုဆိုထားသည်။ တစ်နည်းအားဖြင့် မုန်းသည် တောက်ပခြင်း၊ ထွန်းညှိခြင်းဟု** အဓိပ္ပာယ်ရှိသည်။

တန်ဆောင်မုန်းလကို ပုဂံခေတ်ကျောက်စာတို့တွင် "တန်ဆောင်မှုန်" "တန်ဆောင်မှုန်း"ဟုရေးထိုးလာရာမှ တစ်ခါ "တန်ဆောင်မုန်းဖြစ်လာသည်ဟုဆို၏။ ထိုခေတ်ရေးထုံးအတိုင်း အမြစ်ဝိသဇ္ဇနီမပါဘဲ "တန်ဆောင်မုန်း" ဖြစ်လာသည်ဟုဆို၏။ မျက်မှောက်ခေတ်၌ အမြစ်ဝိသဇ္ဇနီထည့်ပြီး "တန်ဆောင်မုန်း"ဟု ရွတ်ဖတ်ပြောဆိုကြ၏။

တန်ဆောင်မုန်းလရာသီတွင် ရှေးအခါက ကြာသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပလေ့ရှိသည်။ ကမ္ဘာပေါ်ဦးက ဗောဓိပင်နှင့် ရွှေပလ္လင်ပေါက်ရာဌာနတွင် သင်္ကန်းပရိက္ခရာအစုံပါရှိသော ကြာရုံပေါက်သည်။ ဘုရားတစ်ဆူပွင့်လျှင် ကြာတစ်ပွင့်၊ နှစ်ဆူပွင့်သော ကမ္ဘာတွင် ကြာနှစ်ပွင့်စသည်ဖြင့် ငါးဆူပွင့်သော ကမ္ဘာတွင် ကြာငါးပွင့်ပွင့်သည်။ ကြာပွင့်ပါရှိသော သင်္ကန်းပရိက္ခရာကို သုဒ္ဓဝါသဘုံ၌ သိမ်းဆည်းထားရသည်။ ထိုအကြောင်းကိုရည်စူး၍ ကြာသင်္ကန်းကိုလည်း လှူဒါန်းလာကြသည်။

တန်ဆောင်မုန်းလ ဆီမီးထွန်းရခြင်း၏ အကြောင်းမှာ ရှေးအခါ နက္ခတ်အတတ်ပညာကျွမ်းသော ပညာရှိတို့သည် နက္ခတ်တို့ကိုစောင့်ရှောက်ကြသော နတ်များကိုသိကြပေသည်။ ထိုတန်ဆောင်မုန်းလတွင်စန်းနှင့်ယှဉ်သော ကြတ္တိကာနက္ခတ်ကို မီးနတ်သားစောင့်၏။ တန်တောင်မုန်းလ၌ ကြတ္တိကာနက္ခတ်စောင့်နတ်မင်းကြီးသည် လူ့ပြည်သို့ ဆင်းသက်လာသည်ဟုဆိုသည်။ ဤကဲ့သို့ မီးနတ်သား လူ့ပြည်သို့ဆင်းသက်လာသော အခါ ဘုရင်နှင့်တကွ တိုင်းသူပြည်သားလူအများက မီးနတ်သားကို ဆီမီးများထွန်းညှိကာပူဇော်ကြသော အစဉ်အလာရှိသည်ဟုဆိုသည်။

ဤသို့အစဉ်အလာအရ တန်ဆောင်မုန်းလတွင် ဆီမီးထွန်းညှိပူဇော်ကြရာတွင် ရည်မှန်းကြသည်မှာ -

(၁) တာဝတိံသာနတ်ပြည်တွင် စူဠာမဏိစေတီတော်

(၂) အကနိဋ္ဌဗြဟ္မာပြည်တွင် ဒုဿစေတီတော် တို့ဖြစ်သည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သက်တော် (၂၉)နှစ်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ ညဥ့်သန်းခေါင်ယံအချိန်တွင် တောထွက်တော်မူခဲ့သည်။

အနော်မာမြစ်တစ်ဖက်ကမ်းတွင် ရဟန်းပြုရန်အတွက် သန်လျက်ဓားဖြင့်ဆံတော်ကိုဖြတ်၍ အဓိဋ္ဌာန်ပြုကာ မကိုဋ်နှင့်တကွ ဆံထုံးတော်ကို ကောင်းကင်သို့မြှောက်တင်လိုက်လေ၏။ "မိမိသည် ဘုရားစင်စစ်ဧကန်ဖြစ်ပါလျှင် မကိုဋ်နှင့်တကွ ဆံထုံးတော်သည် ကောင်းကင်၌ ချိတ်ဆွဲထားသကဲ့သို့ တည်ပါစေ။ ဘုရားဖြစ်နိုင်သူမဟုတ်ပါက မြေပြင်သို့ကျပါစေ"ဟု အဓိဋ္ဌာန်ပြုကာ မြှောက်တင်လိုက်သော ဆံထုံးတော်သည် တစ်ယူဇနာခန့်မြင့်သော ကောင်းကင်၌ တည်နေလေ၏။

သိကြားမင်းသည် နတ်တို့မျက်စိ ဒိဗ္ဗစက္ခုဖြင့်မြင်၍ မကိုဋ်တော်နှင့်တကွ ဆံထုံးတော်ကိုရွှေပန်းတောင်းဖြင့် ဆောင်ယူကာ တာဝတိံသာနတ်ပြည်၌ မကိုဋ်တော်နှင့် ဆံထုံးတော်ကို ဌာပနသွင်း၍ရတနာခုနစ်ပါးတို့ဖြင့် စီခြယ်ကာစေတီတော်ကို တည်ထားလေ၏။ တာဝတိံသာနတ်ပြည်တွင် မကိုဋ်တော်နှင့်ဆံထုံးတော်တို့ထည့်သွင်း ဌာပနာထားခြင်းကြောင့် စူဠာမဏိစေတီတော်ဟု ခေါ်တွင်ခဲ့သည်။

ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက သိဒ္ဓတ္ထမင်းသားသည် ဆံထုံးကိုဖြတ်၍ ရဟန်းပြုတော့မည့်အဖြစ်ကိုမြင်သောကြောင့် တိစိဝရိတ် သင်္ကန်းသုံးထည်၊ သပိတ်ဓား၊ အပ်နှင့်အပ်ချည်၊ ခါးပန်းကြိုး၊ ရေစစ်ဟူသော ပရိက္ခရာရှစ်ပါးကို သိမ်းဆည်းထားရာ ထိုပရိက္ခရာတို့ကို ယူဆောင်လာပြီး ဘုရားအလောင်းတော်အား ဆက်ကပ်လှူဒါန်းခဲ့၏။ သိဒ္ဓတ္ထမင်းသားသည် ဝတ်လဲတော်ပုဆိုးကို ချွတ်၍ သင်္ကန်းပရိက္ခရာရှစ်ပါးတို့ဖြင့် ကြည်ညိုဖွယ်ဖြစ်အောင် ဝတ်ရုံလိုက်လေ၏။

အလောင်းတော်၏ဝတ်လဲတော်ပုဆိုးကို ယဋိကာရဗြဟ္မာမင်းကြီးသည် ယူဆောင်၍ ရူပဝစရဗြဟ္မပြည်တွင် အမြင့်ဆုံးဖြစ်သော အကနိဋ္ဌဗြဟ္မာဘုံ၌ ဝတ်လဲပုဆိုးကို ဌာပနာသွင်း၍ စေတီတော်တည်ထား၏။ ဝတ်လဲတော်ပုဆိုးကို ဌာပနာသွင်းထားသောကြောင့် အကာနိဋ္ဌဗြဟ္မပြည်၌ ဒုဿစေတီဟုခေါ်တွင်ခဲ့သည်။

မြတ်ဘုရားရှင်၏ အသုံးအဆောင်ပရိက္ခရာများကို ဌာပနာသွင်း၍ တည်ထားသောစေတီနှင့် မြတ်စွာဘုရား၏ ကျောက်တော်၊ ပလ္လင်တော်၊ သလွန်တော်၊ ဗောဓိပင် ပရိက္ခရာ စသည်များဖြင့် တည်ထားသော စေတီသည် ပရိဘောဂစေတီဖြစ်၏။

မြတ်ဘုရားရှင်၏ကိုယ်စား ပြုလုပ်ထားသော ကျောက်ဆင်းတု၊ ကြေးဆင်းတုစသော ရုပ်ပွားတော်များသည် ဥဒ္ဒိဿစေတီမည်၏။

မြတ်ဘုရားရှင်၏ သွားတော်၊ စွယ်တော်၊ ဆံတော် စသည်တို့ကို ဌာပနာသွင်း၍ တည်ထားသောစေတီသည် ဓာတုစေတီမည်၏။

မြတ်ဘုရားရှင်ဟောကြားတော်မူသော ပဋိစ္စသမုပ္ပာဒ်တရားတော် ဓမ္မစကြာတရားတော်စသည်များကို ကြေးပြား၊ ရွှေပြားစသည်တို့၌ ရေးသားဌာပနာသွင်း တည်ထားသော စေတီသည် ဓမ္မစေတီမည်၏။

ဤသို့သောစေတီတော်တို့ကို ရည်မှန်း၍ တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီးပူဇော်ကြရ၏။ ဆီမီးထွန်းညှိပူဇော်လှူဒါန်းရခြင်း၏ အကျိုးကိုဖော်ပြရလျှင် ပဒုမုတ္တရဘုရားရှင် ပွင့်တော်မူစဉ်က သူကြွယ်တစ်ယောက်သည် လူအများတို့ ဗောဓိပင်၌ မီးပူဇော်သည်ကိုမြင်၍ သူသည်လည်း ဆီမီးခွက်တို့ကို ထွန်းညှိပူဇော်၏။ ထိုကောင်းမှုကြောင့် သေပြီးနောက်ဘဝများ၌ နတ်ပြည်၊ လူ့ပြည်တို့၌ အကြိမ်ကြိမ်ဖြစ်ရ၏။ လူဖြစ်သောဘဝဝယ် မိမိ၏ အထက်၌ မီးရောင်ထွန်းတောက်ပသည်။ နံရံ၊ တောင်၊ ကျောက်ပြင်တို့ကိုဖောက်၍ ယူဇနာ ၁၀၀ မြင်နိုင်သော နတ်မျက်စိကိုရ၏။ သတ္တစက္ခုအမည်ရှိသော စကြဝတေးမင်းဖြစ်ခဲ့ရ၏။ ဂေါတမဘုရားရှင်လက်ထက်၌ ပဥ္စဒီပကမထေရ်ဖြစ်၍ ရဟန္တာဖြစ်သွား၏။

ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့တွင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မပြည်တို့မှ စေတီများကို ရည်မှန်း၍ ဆီမီးပူဇော်ကြလျှင် သက်တော်ထင်ရှားမြတ်ဘုရားရှင်ကို ပူဇော်ရသကဲ့သို့ဖြစ်ပေ၏။

"သင်္ကန်းလှူအကျိုးရှစ်ဝတွင် ရွှေသို့အဆင်း၊ မြူကြေးကင်း၍၊ ရောင်ဝင်းစုံဝ၊ ထွန်းလင်းပ၏။ မကသိန်းဖိုး၊ ပုဆိုးရလေ၊ ညိုရွှေဖြူနီ၊ ဤရှစ်လီသည် ကျမ်းညီသင်္ကန်းလှူကျိုးတည်း"ဟု ကျမ်းဂန်များတွင်အဆိုရှိသည်။ စာဆိုတော်ကြီး ဖိုးသူတော်ဦးမင်း၏ "---လှူကထိန်သင်္ကန်းနှင့်၊ မဂ်လမ်းကိုတဲ့ဆုပန်ရွှယ်၊ သည်ချိန်ဆို၊ ဝတ်မှုန်ကြဲလို့၊ ခဝဲရွှေညာရင်းမှာ၊ သင်းရနံ့ကြွယ်၊ ကောင်းကင်ဝယ်ဘုံဦး၊ ရွှေလစန္ဒာနှင့်၊ ကြတ္တိကာကြယ်ရောင်ရွှန်း တပင်၊ ထွန်းထိန်လို့မြူး---"ဟူ၍ လဘွဲ့ကဗျာအတိုင်း ကထိန်လှူသင်္ကန်းနှင့် မဂ်လမ်းကိုတဲ့ဆုပန်ရွှယ်ကြသူတိုင်း ကထိန်ဒါနပြုကြသည်။

စာဆိုရှင် ဦးပုညက "--မိုးဝသန်ချိန်ဆုံးလို့ တန်ဆောင်မုန်းဗြိစ္ဆာ၊ ငါးနှစ်စွန်းခါဝယ်၊ ကြတ္တိကာကြယ်မင်း၊ ခဝဲပွင့်မာလာငယ်၊ သည်ချိန်ခါမွှေးထုံပျံ့သင်း----" ဆိုသည့်အတိုင်း ကြာဖြူ ကြာနီ၊ ကြာညို၊ သနပ်ခါးနှင့်နှင်းပန်းတို့လည်း ပွင့်ချိန်မို့ ပန်းအလှများ၏မွှေးရနံ့ကြောင့် တန်ဆောင်မုန်းလ၏အလှကို မွှေးရနံ့များဖြင့် ထုံလျက်ရှိသည်။

မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်လများထဲတွင် တန်ဆောင်မုန်းလသည် ကထိန်ခင်းခြင်းအမှုကို အဓိကထားသည်။ ကထိန်ခင်းပွဲသတ်မှတ်ထားသည့် ကာလမှာ သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိဖြစ်သည်။ မိုးအကုန် ဆောင်းအကူးလေပြည်မြူးကာ ကောင်းကင်ယံတိမ်သလ္လာခင်းပြီး အချိန်ကောင်း၊ အခါကောင်းနှင့်ကြုံကြရသောကြောင့် ကထိန်အလှူပွဲတော်သည် ထူးမြတ်သောအလှူ ထူးမြတ်သောတန်ဆောင်ဟု ဆိုစမှတ်ပြုရမည်။

ကထိန်သင်္ကန်းအလှူနှင့်ပတ်သက်၍ မည်ရွေ့မည်မျှအကျိုးရှိသည်ကို ဖော်ပြ၍ပင်မကုန်နိုင်ပေ။ "ဆွမ်းဆိုလျှင်မြိန်မှကောင်းမည်၊ ကျောင်းဆိုလျှင်သိမ်မှကောင်းမည်။ သင်္ကန်းဆိုလျှင် ကထိန်မှကောင်းမည်။ ဆေးဆိုလျှင် နှိမ်မှကောင်းသည်"ဟူ၍ဆိုရိုးစကားပြုခဲ့ကြသည်။

ကထိန်ဟူသောစကားမှာလည်း ပါဠိစကားမှလာ၍ ပြောဆိုခြင်းကိုဟော၏။ မည်သို့ပြောဆိုသနည်းဟူမူ ဤသို့ လှူဒါန်းခြင်းသည် ကောင်းမြတ်ပါပေ၏ဟု ပြောဆိုခြင်းပင်ဖြစ်သည်။ ဂေါတမမြတ်ဘုရားရှင်လက်ထက်တွင် ပါဝေယျတိုင်းသား ဘဒ္ဒဝဂ္ဂီရဟန်းများ သင်္ကန်းရှားပါးမှုကိုအကြောင်းပြု၍ ကထိန်အလှူပေါ်ပေါက်လာခဲ့သည်။

ကထိန်ခင်းရာအမှန်မှာ ရဟန်းသံဃာတော်တို့၏ သင်္ကန်းအမျိုးအစား ကိုးမျိုးရှိ၏။ ၎င်းတို့မှာ-

(၁) သင်းပိုင်(ခါးဝတ်)၊ (၂) ဧကသီ(ကိုယ်ရုံ)၊ (၃) ဒုကုဋ္ဋ(နှစ်ထပ်သင်္ကန်း)၊ (၄) အိပ်ရာခင်းသင်္ကန်း၊ (၅) မျက်နှာသုတ်ပဝါသင်္ကန်း၊ (၆) ပရိက္ခရာစေဠသင်္ကန်း (လက်သုတ်၊ ရေစစ်၊ ပဝါ)၊ (၇) နိသီဒိုင်(နေကထိုင်အခင်း)၊ (၈) မိုးရေခံသင်္ကန်း(မိုးရေချိုးသောအခါ ဝတ်ချိုးရသော သင်္ကန်း)၊ (၉) အမာလွှမ်းသင်္ကန်း(အနာပေါက်သည့်အခါ အတွင်းခံသင်္ကန်း)

ဖော်ပြပါသင်္ကန်းကိုးမျိုးတွင် သင်းပိုင်နှင့် ဧကသီကို ဒွိစုံဟုခေါ်သည်။ သင်းပိုင်၊ ဧကသီ၊ ဒုကုဋ္ဋ ဤသုံးမျိုးကို တိစီဝရိတ် (သင်္ကန်းသုံးထည်)ဟုခေါ်သည်။ ကထိန်ခင်းခွင့်ပြုသည့် အလှူရှင်တို့မှတ်သားထားရန်မှာ ယင်းခွင့်ပြု သင်္ကန်းသုံးထည်မှ မိမိကြိုက်နှစ်သက်ရာ တစ်ထည်တည်းကိုသာခင်းရပါမည်။ နှစ်ထည်၊ သုံးထည် မခင်းရပါ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုလည်း ရည်ရွယ်ပြီး မခင်းအပ်၊ သံဃိကအလှူမြောက်အောင်၊ သံဃိကအလှူ စစ်စစ်ဖြစ်အောင် သံဃာတော်တို့ကို ရည်စူးလှူဒါန်းရသည်။

ရဟန်းတော်များခံစားရမည့် ကထိန်အာနိသံသ အကျိုးတရားငါးပါး

(၁) အနာမန္တစာရ = ထင်ရှားရှိသော ရဟန်းတို့အား မပန်ကြားဘဲ ဒါယကာအိမ်သို့ သွားနိုင်ခြင်း

(၂) အသမာဒါနစာရ = အဓိဋ္ဌာန်ပြီးဆောင်အပ်သော သင်္ကန်းကိုမယူမူ၍ သွားနိုင်၊ နေနိုင်ခြင်း

(၃) ဂဏဘောဇန = ထမင်းစား(ဆွမ်းစား)ကြွပါ စသည်ဖြင့် ဒါယကာတို့က မအပ်သောဖိတ်ခြင်းရှိသော ဂဏဘောဇဉ်ကို စားနိုင်ခြင်း

(၄) ယာဝဒတ္ထစီဝရ = သင်္ကန်းကိုအလိုရှိတိုင်း အဓိဋ္ဌာန်ဝိကပ္ပနာ မပြုရဘဲ ဝတ်ရုံသုံးဆောင်နိုင်ခြင်း

(၅) ယောစတတ္ထ စီဝရုပ္ပါဒ = ကထိန်ခင်းသောကျောင်းတိုက်တွင် ကထိန်ခင်းပြီးသည့်နောက် တပေါင်းလပြည့်နေ့တွင် သံဃာအား လှူသော သင်္ကန်းလျာပုဆိုးကို ဖြစ်စေ၊ သင်္ကန်းကိုဖြစ်စေ ထိုကျောင်းတိုက်၌ အနုမောဒနာပြုသော ရဟန်းတို့သာ ခံယူနိုင်ခြင်း စသည်တို့ဖြစ်လေသည်။

ကထိန်အလှူသည် လွယ်လင့်တကူခင်းလှူ၍ ရသကဲ့သို့ ထူးခြားသည့်သတ်မှတ်ချက်တို့ဖြင့် စည်းစနစ်ကျနလှူဒါန်းကြရသော ကုသိုလ်ကောင်းမှုဖြစ်ခြင်းတို့ကြောင့် ပိုမိုထင်ရှားပြီး အလေးအနက်ထားကြရသည့် အလှူဖြစ်သည်။

သာမန်သင်္ကန်းအလှူသည်ပင် ယောက်ျားပုဂ္ဂိုလ်ဖြစ်က ဧဟိဘိက္ခုရဟန်းဖြစ်ရခြင်း၊ မိန်းမဖြစ်က "မဟာလတာ" မဟာကြီးမြတ်သော၊ လတာ-နွယ်ပန်းနှင့်တူသည့် အဆင်တန်ဆာရရှိ၍ ကြီးမြတ်၍ ခြူးပန်းခြူးနွယ် အသွယ်သွယ်ဖြင့် ဝတ်လဲသုံးစွဲခွင့်ရရှိကြသည့် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာနှင့် ဗာရာဏသီသူဌေးသမီး ဤသုံးဦးတို့ကဲ့သို့ တန်ဖိုးကိုးကုဋေတန်သော အလွန်လှပသည့် အဝတ်တန်ဆာတို့ကို ဆင်မြန်းရတတ်သည်ဟု (ဓမ္မပဒ၊ ၁၊ ၁၄၈) တွင်ဖော်ပြထားပေသည်။

မြတ်ဘုရားရှင်လက်ထက်တော်အခါက သာယာကြည်နူးဖွယ်ရာကောင်းလှသော တန်ဆောင်မုန်းလပြည့်နေ့တွင် မမေ့ပျောက်ဖွယ်ရာ ထူးခြားသော မဟာဝင်တစ်ရပ်ရှိခဲ့သည်။

သာမညဖလခေါ် ရဟန်းပြုရခြင်း၏ အကျိုးတရားကို အဇာတသတ်မင်းက မေးလျှောက်သဖြင့် မြတ်ဘုရားရှင်က ဟောကြားခဲ့ရာ အဇာတသတ်မင်းသည် သာသနာတော်ကို ကြည်ညိုစိတ်များဖြစ်ပေါ်ခဲ့သည်။ ဤသို့ကြည်ညိုသော ကုသိုလ်စိတ်ကြောင့် အဖသတ်မှုပိတုကာတကကံအတွက် အဝီစိငရဲ၌ကျရောက်ရမည်မှ သက်သာခွင့်ရ၍ လောဟကုမ္ဘီငရဲ၌သာ ကျရောက်ရသည်။

မျက်မှောက်အခါတွင် တန်ဆောင်မုန်းလပြည့်နေ့၌ အဇာတသတ်မင်းအား သာမညဖလသုတ္တန်တရားကို ဟောကြားတော်မူခဲ့ခြင်းကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလအခါတော်နေ့ အထိမ်းအမှတ်အဖြစ်ကျင်းပကြသည်။ မြန်မာလူမျိုးတို့၏ ပွဲတော်လများတွင် တန်ဆောင်မုန်းလ၏ ရာသီပွဲသည် ဗုဒ္ဓသာသနာတော်တည်တံ့လျက်ရှိစေမည်ဖြစ်၏။ မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များ ရောပြွမ်းနေလေ၏။ ။

တန်ဆောင်မုန်းလဟူသော အခေါ်အဝေါ် အဓိပ္ပာယ်ကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင်-
"တန်"သည် တန်ခိုးပုဒ်ရှိသော တန်ဆောင်ကဲ့သို့ အလင်းရောင်ဟူသော အနက်အဓိပ္ပာယ်ကိုဆောင်၏။
"ဆောင်"ဟူသောပုဒ်သည် အသားဆောင် စသော ပုဒ်တို့နှင့်လာရှိသော ဆောင်ကဲ့သို့ ထွန်းလင်းခြင်းအဓိပ္ပာယ်နှင့် သယ်ဆောင်၊ ယူဆောင်တို့၌ ပါရှိသော "ဆောင်"ကဲ့သို့ သယ်ဖို့ခြင်း၊ ယူငင်ခြင်းအဓိပ္ပာယ်ကိုလည်း ဖော်ပြ၏။
"မုန်း"သည် ချေဖျက်ခြင်း၊ ချေမှုန်းခြင်းအဓိပ္ပာယ်ရှိသည်ဟုဆိုထားသည်။ တစ်နည်းအားဖြင့် "မုန်း"သည် တောက်ပခြင်း၊ ထွန်းညှိခြင်းဟု အဓိပ္ပာယ်ရှိသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြန်/ဆက်)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (မြန်/ဆက်)

❐ ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အစည်းအဝေးကျင်းပမည့်ကွာလာလမ်ပူကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိလာရာ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီ မူဟာမက်နာဂျစ် ဘင်တွန်း အဗ္ဗဒူ ရာဇတ်နှင့် ဇနီးတို့က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲကို Plenary Hall ၌ ကျင်းပရာ မလေးရှားနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီး မျက်နှာစုံညီ အစည်းအဝေးကို Conference Hall – 2 ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီမူဟာမက် နာဂျစ် ဘင်တွန်း အဗ္ဗဒူ ရာဇတ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် စုစည်းညီညွတ်သည့် အာဆီယံအသိုက်အဝန်းသည် မိမိတို့ပြည်သူနှင့် မျိုးဆက်သစ်များအတွက် ပြည့်စုံကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အာဆီယံအသိုက်အဝန်း၏ အသွင်လက္ခဏာနှင့် ဂုဏ်ကျက်သရေတို့ကို ကမ္ဘာ့နိုင်ငံများအလယ်တွင် မြှင့်တင်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေကြီးရေလျှံဖြစ်ခဲ့သော နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အကူအညီများ ပေးခဲ့ကြသည့်အာဆီယံမိတ်ဆွေများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

အာဆီယံအသိုက်အဝန်း ထူထောင်ရေးသည် ဒေသအတွင်း ပေါင်းစည်းရေးကို ပိုမိုခိုင်မြဲစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေမည့် အာဆီယံပေါင်းစည်းရေး ကနဦးအစီအစဉ် မဟာဗျူဟာ မူဘောင်နှင့် အာဆီယံပေါင်းစည်းဆက်သွယ်ရေး မဟာစီမံကိန်းတို့အပေါ် တွင်လည်း ကျေနပ်မှုရှိပါကြောင်း။

၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်နှင့်ပတ်သက်ပြီး ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်ရန် မြန်မာနိုင်ငံသည် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည်ကို ကတိပြုပြောကြားလိုပါကြောင်း။

အကြိမ် (၇၀) မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ချမှတ်ခဲ့သည့် "အရှေ့တောင်အာရှ နျူကလီးယားကင်းမဲ့ရေးဇုန်စာချုပ်ဆိုင်ရာ ဆုံးဖြတ်ချက်" ကို ကြိုဆိုထောက်ခံပါကြောင်း၊ အာဆီယံအဖွဲ့ကြီးသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် "နျူကလီးယား လက်နက်ပိုင်ဆိုင်သည့် နိုင်ငံများက အရှေ့တောင်အာရှနျူကလီးယားကင်းမဲ့ရေးဇုန် စာချုပ်၏ နောက်ဆက်တွဲစာချုပ်" ကို ဆောလျင်စွာ လက်မှတ်ရေးထိုးကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

နိုဝင်ဘာ ၇ ရက်တွင် ထိုင်ဝမ်ရေလက်ကြား တစ်ဖက်တစ်ချက်၏ ခေါင်းဆောင်နှစ်ဦး စင်ကာပူနိုင်ငံတွင် တွေ့ဆုံခဲ့ခြင်းသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးမားစွာ အထောက်အကူဖြစ်စေမည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ ယင်းအခြေအနေပေါ် ပေါက်ရန် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် စင်ကာပူနိုင်ငံကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း။

မြန်မာနိုင်ငံတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့အကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မိမိတို့သမိုင်းတွင် စာမျက်နှာသစ်တစ်ခု ဖွင့်လှစ်ခဲ့ပါကြောင်း။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ အသီးအပွင့်တစ်ခုဖြစ်သည့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးစာချုပ်သည် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါကြောင်း။

မိမိတို့သည် နိုဝင်ဘာ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲကို တရားမျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲရလဒ်များကိုလည်း ထုတ်ပြန်ပြီးဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပြီး အေးအေးချမ်းချမ်းဖြင့် အသွင်ကူးပြောင်းနိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတက ဗန်ကောက်မြို့၊ ပဲရစ်မြို့နှင့် မာလီနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းနှင့် အပြစ်မဲ့ပြည်သူလူထုများ သေကျေခဲ့သည့်အတွက် ဝမ်းနည်းကြေကွဲပါကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးမျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်စဉ်။ (မြန်/ဆက်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးများ တက်ရောက်

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံ အပေါင်းသုံး ထိပ်သီးအစည်းအဝေးနှင့် (၃) ကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးတို့သို့တက်ရောက်ခဲ့သည်။



(၁၈)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

(၁၈)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးကို ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် Conference Hall – 1 ၌ ကျင်းပရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတွတ်ဆရီ မူဟာမက် နာဂျစ်ဘင်တွန်း အဗ္ဗဒူရာဇတ်နှင့် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် တရုတ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် (၁၃) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်နှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နရိန္ဒြာမိုဒီတို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် (၁၈)ကြိမ်မြောက် အာဆီယံ အပေါင်းသုံး ထိပ်သီးအစည်းအဝေးကို ကျင်းပရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စ ပတ်ဂွန်ဟေး၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇို အာဘေးနှင့် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့က မိန့်ခွန်းပြောကြားကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Conference Hall – 3 ၌ အာဆီယံအပေါင်းသုံး နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အရှေ့အာရှစီးပွားရေးကောင်စီတို့တွေ့ဆုံကြသည်။

ထို့နောက် (၃)ကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးကို ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် Conference Hall – 1 ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာဘားရက်အိုဘားမားတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မလေးရှားဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် အမေရိကန်သမ္မတတို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၏ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



(၁၃) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ဥတုရာသီ
တောကိုမှီ၍

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လူကုန်ကူးမှုဆန့်ကျင်ရေး အာဆီယံကွန်ဗင်းရှင်းလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်




**ကွာလာလမ်ပူ နိုဝင်ဘာ ၂၁**

လူကုန်ကူးမှုဆန့်ကျင်ရေး အာဆီယံကွန်ဗင်းရှင်း လက်မှတ်ရေးထိုးပွဲကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ကွာလာလမ်ပူကွန်ဗင်းရှင်း စင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြပြီး လူကုန်ကူးမှု ဆန့်ကျင်ရေး အာဆီယံကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဒေသတွင်း လူကုန်ကူးမှုပြဿနာအား အရေးတကြီးဖြေရှင်းရန် လိုအပ်ကြောင်း အသိအမှတ်ပြုသည့်အားလျော်စွာ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များသည် လူကုန်ကူးမှုဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းတစ်ရပ် ထည့်သွင်းစဉ်းစားရန် နိုင်ငံဖြတ်ကျော်မှုခင်းကို တာဝန်ယူသော ဝန်ကြီးများအား တာဝန်ပေးအပ်ခဲ့သည်။

လူကုန်ကူးခံရသူများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန် အခြေခံအခွင့်အရေးတစ်ရပ်ရှိကြောင်း အာဆီယံခေါင်းဆောင်များက ထပ်မံ၍ အလေးပေးပြောကြားခဲ့သည်။

လူကုန်ကူးမှုပြဿနာ ထိရောက်စွာဖြေရှင်းမည့် ဒေသတွင်း ဥပဒေဆိုင်ရာမူဘောင်တစ်ရပ် ထူထောင်သည့် အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် လူကုန်ကူးမှုဆန့်ကျင်ရေး အာဆီယံကွန်ဗင်းရှင်း(ACTIP)က လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ဒေသတွင်း လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံရေးခံယူချက်နှင့် ကတိကဝတ်ကို ထင်ထင်ရှားရှားပြသသည်။

ACTIP ၏ ဦးတည်ချက်များမှာ အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် လူကုန်ကူးမှုအား ထိရောက်စွာ တားဆီးတိုက်ဖျက်ရန်နှင့် လူကုန်ကူးသူများအား တရားမျှတ၍ ထိရောက်သော ပြစ်ဒဏ်ပေးရန်၊ လူကုန်ကူးခံရသူများအား ၎င်းတို့၏ လူ့အခွင့်အရေးများကို အပြည့်အဝ လေးစားကာ ကာကွယ်စောင့်ရှောက်ရန်နှင့် ကူညီပေးရန်၊ ထိုဦးတည်ချက်များ ပြည့်မီစေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တို့ဖြစ်သည်။

ACTIP မှာ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက်က ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် အာဆီယံခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့သည့် တန်ပြန်အကြမ်းဖက်မှုဝါဒဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းပြီးနောက် အာဆီယံဒေသအတွက် ဒုတိယမြောက် ကွန်ဗင်းရှင်းဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီ မူဟာမက် နာဂျစ် ဘင်တွန်း အဗ္ဗဒူ ရာဇတ် က အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



**အာဆီယံ အပေါင်းသုံး နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အရှေ့အာရှ စီးပွားရေးကောင်စီတို့ တွေ့ဆုံဆွေးနွေးစဉ်။**
*(သတင်း စာမျက်နှာ - ၈)*
(ဓာတ်ပုံ - ပြန်/ဆက်)

**အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ အိုဘားမားတို့ တွေ့ဆုံနှုတ်ဆက်စဉ်။** *(သတင်း စာမျက်နှာ - ၈)*
(ဓာတ်ပုံ - ပြန်/ဆက်)

# ကချင်ပြည်နယ် ပူတာအိုဒေသထွက် ဂရိတ်ဖရုသီး မြစ်ကြီးနားမြို့တွင် ရောင်းအားကောင်းလျက်ရှိ

**မြစ်ကြီးနား နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် လုံရှန်ယမ်ကျေးရွာမှထွက်သော ဂရိတ်ဖရုသည် ကျန်းမာရေးနှင့်ညီညွတ်သော ဆေးဖက်ဝင် ရာသီပေါ်သီးနှံဖြစ်သည့်အတွက် ကျန်းမာရေးအတွက် လည်းကောင်း၊ လက်ဆောင်အဖြစ်ပေးရန်အတွက်လည်းကောင်း ဝယ်ယူစားသုံးမှုရှိလာ၍ ရောင်းချသူများလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဂရိတ်ဖရုသီးများကို မြစ်ကြီးနားသို့ သယ်ဆောင်ရောင်းချရာတွင် ကားများဖြင့် သယ်ဆောင်ရပြီး ပူတာအိုမြို့မှ မြစ်ကြီးနားသို့ ရာသီဥတုအခြေအနေကောင်းမွန်ပါက သုံးရက်ခရီးသာဖြစ်ပြီး ရာသီဥတုကောင်းမွန်ခြင်းမရှိပါက ခုနစ်ရက်မျှကြာမြင့်ကြောင်း ဂရိတ်ဖရုသီးရောင်းချသူတစ်ဦးက ပြောပြသည်။

ဂရိတ်ဖရုသီးသည် သွေးတိုးရောဂါနှင့် နှလုံးရောဂါများအတွက် အထောက်အကူပြုသည့်အတွက် ဆေးဖက်ဝင်သီးနှံအဖြစ် အမျိုးမျိုးဖော်စပ်စားသုံးခြင်း၊ ဟင်းချက်ရာတွင်ထည့်၍ စားသုံးခြင်း၊ ဆေးဖော်ရာတွင် အချိုရည်အဖြစ် သုံးစွဲခြင်းများရှိကြသည်။ ဂရိတ်ဖရုသီးသည် အမျှင်ဓာတ်၊ ဘီတာမင်ဓာတ်၊ သတ္တုဓာတ်၊ အခြားအာနိသင်ကောင်းများရှိသည်ဟုဆိုသည်။ ဂရိတ်ဖရုသီးသည် မြစ်ကြီးနားဈေးကွက်တွင် အလုံးအကြီး၊ အသေးခွဲ၍တစ်လုံးလျှင် ငွေကျပ် ၂၀၀၊ ၂၅၀၊ ၃၀၀ စသည်ဖြင့် လက်လီလက်ကားရောင်းချလျက်ရှိကြောင်း သိရသည်။ **(စိုင်းလူမင်း)**



# အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာကိုယ်စားလှယ်များ မြန်မာနိုင်ငံသို့ လာရောက်လေ့လာ

**တာချီလိတ် နိုဝင်ဘာ ၂၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ဒုတိယအကြိမ် အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ ညီလာခံ International Conference On Alternative Development – 2 (ICAD-2) သို့ တက်ရောက်ကြမည့် ထိုင်းနိုင်ငံတရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နီဝက်မီနာယိုသင်နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ နရုန်း ရတနာ နူကား ဦးဆောင်သည့် နိုင်ငံတကာညီလာခံကိုယ်စားလှယ်များသည် ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် ထိုင်း - မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂)မှ ထွက်ခွာခဲ့ပြီး နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိုင်းဆတ်မြို့နယ် ယောင်ခကျေးရွာသို့ရောက်ရှိကြရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ်ကျော်ဝင်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်အောင်၊ ယောင်ခဒေသ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာညီလာခံကိုယ်စားလှယ်များအား ယောင်ခကျေးရွာ အခြေခံပညာ မူလတန်းကျောင်းယာယီမဏ္ဍပ်၌ လားဟူ၊ အာခါ၊ ရှမ်း၊ 'ဝ' တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်ဖြစ်ပြီး နယ်စပ်ဒေသများရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝအဆင့်အတန်း မြှင့်တင်ပေးကာ ဘိန်းစိုက်ပျိုးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အပြည့်အဝ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုရှိသည့် နေရာများ၌ အစားထိုးစီမံကိန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းများ၌ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍထောက်ပံ့မှုများအပြင် မွေးမြူရေးဆိုင်ရာ သင်တန်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်း များကိုလည်း ပို့ချပေးခဲ့ပါကြောင်း၊ အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာ - ထိုင်း မိတ်ဖက်နှစ်နိုင်ငံ ပူးပေါင်း၍ မိုင်းဆတ်ခရိုင်နှင့် တာချီလိတ်ခရိုင်များတွင် ရေရှည်အသက်မွေးဝမ်း ကျောင်းပြုနိုင်သည့် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု လေ့လာရေးခရီးစဉ်သည် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ဖော်ပြနိုင်မည်ဖြစ်ပြီး ကောင်းမွန်သော ရလဒ်များလည်းရရှိမည်ဟုယုံကြည်ပါကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ပိုမိုဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့် အကြံပြုချက်များကိုလည်း ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာရေးခရီးစဉ်အထိမ်းအမှတ်မီးပုံးပျံအား ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ထိုင်းနိုင်ငံတရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်လွှတ်တင်ကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယောင်ခကျေးရွာအတွင်းရှိ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်း ဧရိယာအတွင်းသို့ ကွင်းဆင်းလေ့လာကြပြီး ညနေပိုင်းတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းရိုင်းဒေသနှင့် ချင်းမိုင်ဒေသများရှိ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပြယုဂ်ဖြစ်သည့် ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ စတင်နိုင်ရန် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး (ဗဟို)အဖွဲ့နှင့် ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့တို့သည် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ထိုင်းနိုင်ငံ ဒွိုင်တုံးဒေသ၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ စာချွန်လွှာအရ ထိုင်းနိုင်ငံမှ မယ့်ဖားလုံဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ခြောက်နှစ်ကြာမြင့်မည့် စီမံကိန်းဖြစ်ပြီး ရှမ်းပြည်နယ်အတွင်းရှိ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ❍ တယ်လီဖုန်းမှ

ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မိုဘိုင်းတယ်လီဖုန်းအလုံးရေ ၁ ဒသမ ၆၄ သန်းကျော်မျှသာရှိခဲ့ပြီး တယ်လီဖုန်းသိပ်သည်းဆနှုန်းထားမှာ နည်းပါးခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်ပအော်ပရေတာများဖြစ်သော အော်ရီဒူးနှင့် တယ်လီနောတို့က မိုဘိုင်းဖုန်းများ တပ်ဆင်ချထားပေးခဲ့ရာတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လကုန်အထိ မိုဘိုင်းဖုန်း အလုံးရေ ၃၃ သန်းကျော် တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းပမာဏသည် တယ်လီဖုန်းသိပ်သည်းဆ ၆၅ ရာခိုင်နှုန်းကျော်၊ လူ ၁၀၀ လျှင် ၆၅ ဦးခန့် မိုဘိုင်းဖုန်းသုံးစွဲနိုင်သည့်ပမာဏဖြစ်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ ခုနှစ် ကာလများက တယ်လီဖုန်းသိပ်သည်းဆနှုန်းမှာ ၂ ဒသမ ၇၇ ရာခိုင်နှုန်းမျှသာရှိခဲ့သည်ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

လက်ရှိတွင် အဆိုပါ တယ်လီဖုန်းသိပ်သည်းဆ ၆၅ ရာခိုင်နှုန်းကျော်မှ ယခုဘဏ္ဍာနှစ်ကုန်ပိုင်းတွင် ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းကျော်အထိ တိုးတက်ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

ပြည်တွင်း အော်ပရေတာတစ်ခုဖြစ်သော မြန်မာ့ဆက်သွယ်ရေး MPT အနေဖြင့်လည်း ပြည်ပအော်ပရေတာများနည်းတူ ဝန်ဆောင်မှုများ တိုးမြှင့်ခြင်း၊ ဈေးကွက်မြှင့်တင်ခြင်းနှင့် တယ်လီဖုန်းပြောဆိုခနှုန်းထားများ အပြိုင်အဆိုင်ချထားဆောင်ရွက်ပေးလာမှုများရှိလာပြီး အပြိုင်အဆိုင် ဈေးကွက်ချဲ့ထွင်မှုများကိုလည်း ပြုလုပ်လျက်ရှိသည်။ ပြည်ပအော်ပရေတာများဖြစ်သည့် အော်ရီဒူးနှင့် တယ်လီနောတို့ကလည်း အပြိုင်အဆိုင် ဝန်ဆောင်မှုများပေးကာ ဈေးကွက်ချဲ့ထွင်လျက်ရှိပြီး မိုဘိုင်းဖုန်းဆက်သွယ်ရေးကွန်ရက်ကို တိုးချဲ့လျက်ရှိသည်။ ယခင်က မိုဘိုင်းဖုန်းဆက်သွယ်ရေး မရရှိသည့် ဒေသများတွင်ပါ တိုးချဲ့နိုင်ခဲ့မှုများရှိခဲ့ပြီး မိုဘိုင်းဖုန်းသုံးစွဲသူများ စိတ်ကြိုက်ရွေးချယ် သုံးစွဲလာနိုင်သည့် အနေအထားသို့ ရောက်ရှိလာသော်လည်း အင်တာနက်သုံးစွဲမှုအပိုင်းတွင်မူ ငွေကြေးကုန်ကျမှု များပြားလျက်ရှိသည်ဟု သိရသည်။

"MPT က ဆွေသဟာလုပ်ထားရင် ဖုန်းဆက်ခဈေးသက်သာပါတယ်။ အင်တာနက်ကြည့်ရင်တော့ အကုန်မြန်တယ်။ ရိုးရိုးဖေ့စ်ဘွတ်သုံးရုံလောက်ကတော့ သိပ်မကုန်ပါဘူး။ ဒေါင်းလော့လုပ်တဲ့အခါ မသက်သာဘူး။ အော်ရီဒူး၊ တယ်လီနောလည်း အတူတူပါပဲ။ ဖုန်းဆက်ခကတော့ တစ်မိနစ်ကို ဖုန်းအချင်းချင်းဆိုရင် ၁၈ ကျပ်တို့၊ ၂၀၊ ၂၂ ကျပ်တို့ဆိုတာက သက်သာပါတယ်။ အင်တာနက်က တစ်မီဂါဗိုက်ကို ၅ ကျပ်၊ ၆ ကျပ်ပေါ့။ အင်တာနက်သုံးစွဲခကတော့ သိသိသာသာ အကုန်မြန်ပါတယ်။ အလုပ်နဲ့သက်ဆိုင်နေသူတွေကတော့ တစ်နေကုန်ဖွင့်ထားရင်တော့ မလွယ်ဘူးပေါ့။ ဖွင့်ကြည့်လိုက်၊ ပိတ်လိုက်သုံးရင်တော့မဆိုးပါဘူး။ အခုဆိုရင် လိုင်းအင်အားများလာတော့ အပြိုင်အဆိုင် ဝန်ဆောင်မှုပေးရင်း ဒီထက်ဈေးချပေးရင်တော့ ကျေးလက်ဒေသနဲ့ အခြေခံလူတန်းစားတွေပါ သုံးစွဲနိုင်မှု ပိုများလာမှာပါ။ အရင်ကထက်စာရင် အများကြီးတော့ ပြောင်းလဲသွားပါတယ်။ ဖုန်းမရတဲ့ဒေသတွေပါ ဖုန်းဆက်သွယ်မှုရလာတော့ ဒေသတစ်ခုနဲ့တစ်ခု သိပ်မဝေးတော့သလို ခံစားရပါတယ်"ဟု မကွေးမြို့မှ ရန်ကုန်မြို့သို့ လာရောက်အလုပ်လုပ်ကိုင်နေသူ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ၁၅ နှစ် သက်တမ်းရှိ Nationwide Telecommunication Service license ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် အော်ရီဒူးနှင့် တယ်လီနော ပြည်ပအော်ပရေတာနှစ်ခုကို ချထားပေးခဲ့ပြီး ပြည်တွင်း အော်ပရေတာတစ်ခုအဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT ကို ၂၀၁၅ မတ်လတွင် တရားဝင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၀၁)**

# အာဆီယံအမျိုးသမီးစီးပွားရေးထူးချွန်လုပ်ငန်းရှင်ပထမဆု မြန်မာနိုင်ငံမှ ကမ္ဘောဇအုပ်စုရရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၁**

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် အမျိုးသမီးစီးပွားရေး ထူးချွန်လုပ်ငန်းရှင် ပထမဆု (ASEAN Woman Entrepreneur of the Year 2015 Award)ကို မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘောဇအုပ်စုနှင့် ကမ္ဘောဇဘဏ်လီမိတက်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးက လက်ခံရရှိကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးပွဲ၏ အဆိုပါဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ရှန်ဂရီလာဟိုတယ်ရှိခန်းမကြီးတွင် ပြုလုပ်ရာ ယင်းအခမ်းအနားသို့ အာဆီယံ ၁၀ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံမှ ASEAN Winner for the ASEAN Business Awards ၂၀၁၅ ဆုလေးဆုရရှိပြီး ယင်းဆုလေးဆုတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် အမျိုးသမီးစီးပွားရေးထူးချွန်လုပ်ငန်းရှင် ပထမဆု (ASEAN Woman Entrepreneur of the Year 2015 Award)ကို မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးက ရရှိခဲ့ခြင်းဖြစ်သည်။ ထိုဆုကို နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန




ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပေးအပ်ချီးမြှင့်ရာ ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။

ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ လေကြောင်းလုပ်ငန်းများ၊ စတော့ရှယ်ယာလုပ်ငန်း၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ တူးဖော်ရေးလုပ်ငန်း၊ စက်ရုံအလုပ်ရုံဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများနှင့် Property Development လုပ်ငန်းများ ပါဝင်သော မြန်မာပြည်၏ အကြီးဆုံးသော လုပ်ငန်းအုပ်စု ကုမ္ပဏီတစ်ခုအဖြစ် အောင်မြင်စွာ ဦးစီးဦးဆောင်ပြုကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ အကောင်းဆုံး ဘဏ်ဆုများစွာကို လက်ရှိ နိုင်ငံတော်အစိုးရသက်တမ်း စတင်သည့် (၂၀၁၁-၁၂)မှစ၍ သုံးနှစ်ဆက်တိုက် နှစ်စဉ်ရရှိထားပါကြောင်း၊ ကမ္ဘောဇဘဏ်သည်၂၀၁၁-၁၂ မှစတင်၍ နိုင်ငံတော်အခွန်ဘဏ္ဍာအတွက် အခွန်အများဆုံး သယ်ပိုးထမ်းဆောင်သည့် လုပ်ငန်းရှင်ပထမဆုကို သုံးနှစ်ဆက်တိုက် နှစ်စဉ်ရရှိခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို သုံးနှစ်ဆက်တိုက် ရရှိခဲ့ပါကြောင်း၊ Brighter Future Myanmar Foundationကို ၂၀၀၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ လူငယ်များဘဝတိုးတက်ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ အမျိုးသမီးများဘဝ ကာကွယ်မြှင့်တင်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်သော သဘာဝဘေးအန္တရာယ်များကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဦးတည်ဆောင်ရွက်ကာ ယင်းလုပ်ငန်းများအပါအဝင် ပြည်သူလူထုကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး ကဏ္ဍကြီးများတွင် လှူဒါန်းငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၉၈ သန်းကျော် ပါဝင်သုံးစွဲလှူဒါန်းထားပြီးဖြစ်ကြောင်း စသည်ဖြင့် ဒေါ်နန်းသန်းထွေးက ပြောကြားသည်။

ယခုနှစ် အာဆီယံစီးပွားရေးထူးချွန်ဆုပြိုင်ပွဲသို့ အာဆီယံ ၁၀ နိုင်ငံမှ ကုမ္ပဏီလုပ်ငန်းရှင် စုစုပေါင်း ၂၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိုက်ဆိုင်စစ်ဆေးကာ ကုမ္ပဏီလုပ်ငန်းရှင် ၈၉ ဦးအား ပထမအဆင့်အဖြစ် ပဏာမရွေးချယ်ခဲ့သည်။ ဆက်လက်၍ ၎င်းတို့အား လုပ်ငန်းအမျိုးအစားအလိုက်ခွဲခြား၍ အဆင့်ဆင့် ထပ်မံစိစစ်ကာ ဒုတိယအဆင့်ဆန်ခါတင် ထူးချွန်လုပ်ငန်းရှင်သုံးဦးစီကို စိစစ်ရွေးချယ်ခဲ့ပြီး နောက်ဆုံးအဆင့် အကောင်းဆုံးထူးချွန်လုပ်ငန်းရှင် ပထမဆုကို လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

❍❍❍

## ရန်ကုန်သတင်းများ

# ရန်ကုန်မြို့တော် အနာဂတ်သာယာလှပမှုနှင့် လက်တွေ့ကျကျလေထုတိုင်းတာစစ်ဆေးမှု အလေးပေးဆောင်ရွက်

**ရန်ကုန်မြို့တော်တွင် လက်ရှိလူဦးရေ ခုနစ်သန်းကျော်နေထိုင်လျက်ရှိပြီး တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ လူနေတိုက်တာ အဆောက်အအုံများ၊ ခေတ်ပေါ်လူ့အသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များတိုးတက်များပြားလာမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် လေထုညစ်ညမ်းမှုများကလည်း ဒွန်တွဲဖြစ်ပေါ်လျက်ရှိသည်။**

ရန်ကုန်မြို့တော်နှင့် မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့ကြီးများတွင် မော်တော်ယာဉ်များတိုးတက်များပြားလာမှုအရ ၂၀၀၈ ခုနှစ်တွင် ရန်ကုန်မြို့တော်၌ ၁၈၆၉၃၁ စီးရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၃၉၁၁၂၂ စီးအထိ တိုးတက်များပြားလာခဲ့သဖြင့် ကာဗွန်၊ အောက်ဆိုဒ် ပါဝင်သော အခဲ၊ အမှုန့်များနှင့် အက်စစ်ဖြစ်စေသော ဓာတ်ငွေ့များ နေ့စဉ်ထုတ်လွှတ်နေလျက်ရှိရာ ယနေ့ ရန်ကုန်မြို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုအပ်ချက်အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက



လေထုညစ်ညမ်းမှု စောင့်ကြည့်လေ့လာရန် လေထုတိုင်းတာစက်များ တပ်ဆင်အသုံးပြုဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုအပေါ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲမှ လက်ထောက်ဌာနမှူး ဦးအောင်မြင့်မော်နှင့် တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။လေထုတိုင်းတာရေးနဲ့ပတ်သက်ပြီး ပထမဆုံး ဘယ်လိုနေရာတွေကို ဘယ်လိုပုံစံနဲ့ ရွေးချယ်ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဂျာမနီနိုင်ငံ GIZ အဖွဲ့ဝင်တွေနဲ့ပေါင်းပြီး ရန်ကုန်မြို့တွင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်တဲ့ နေရာတွေထဲက နေရာ ၁၅ ခုကို စတင်ပြီး အကြမ်းဖျင်းရွေးချယ်ခဲ့တယ်။ မြို့တွင်း၊ မြို့နယ်၊ မြို့လယ်နဲ့ လှော်ကား အပါအဝင် ခြောက်နေရာ၊ မော်တော်ယာဉ် အများဆုံးသွားလာနေတဲ့ လမ်းဆုံ ငါးနေရာ အပါအဝင် လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြောက်ဥက္ကလာ စက်မှုဇုန်တို့ကို အဓိကထား တိုင်းတာမှုတွေလုပ်ဖို့ ရွေးခဲ့ပါတယ်။ တစ်မြို့နယ်လုံးကို လွှမ်းခြုံဖို့အတွက်ဆိုရင် မြို့တွင်း၊ မြို့လယ်နဲ့ဆင်ခြေဖုံး ဧရိယာ၊ မြို့အစွန်အဖျား ၆၃ နေရာမှာ စစ်ဆေးတိုင်းတာမှုတွေလုပ်မှရမှာပါ။

**မေး။ ။လေထုတိုင်းတာစစ်ဆေးရေး ကိရိယာနဲ့ပတ်သက်ပြီးဝယ်ယူခဲ့မှုနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေကိုပြောပြပေးပါဦး။**

ဖြေ။ ။လေထုတိုင်းတာတဲ့ ကိရိယာ EPAS၊ HZ Scanner အမျိုးအစားပါ။ Nanova ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး လေးလုံးဝယ်ယူခဲ့ပါတယ်။ စက်တန်ဖိုးကတော့ တစ်လုံးကို ငွေကျပ် ၂၃၅ သိန်းကျတယ်။ မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ဘတ်ဂျက်နဲ့ဝယ်ထားတာပါ။

အခုနှစ် ဖေဖော်ဝါရီလထဲမှာ ဝယ်ထားတဲ့စက်အားလုံးကို မြို့တော်ခန်းမရှေ့မှာတပ်ဆင်ပြီး လက်တွေ့သရုပ်ပြခဲ့တယ်။ မတ်လကစပြီး မဟာဗန္ဓုလပန်းခြံနဲ့ မြို့တော်ခန်းမကြားမှာ တစ်လုံး၊ လှည်းတန်းလမ်းဆုံအနီးနဲ့ မင်္ဂလာဒုံ အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းမှာ တစ်လုံးစီ တပ်ဆင်ထားပြီး နှစ်ရက်တစ်ကြိမ် စောင့်ကြည့်တိုင်းတာစစ်ဆေးမှုတွေလုပ်နေပါတယ်။ ကျန်တဲ့တစ်လုံးကိုတော့ အခြားနေရာတွေမှာ ရွှေ့လျားစနစ်နဲ့တိုင်းတာစစ်ဆေးမှုတွေလုပ်နေပါတယ်။

**မေး။ ။လက်ရှိအခြေအနေအရ တိုင်းတာစစ်ဆေးပြီးစီးမှုနဲ့ထွက်ပေါ်လာတဲ့ လေထုအခြေအနေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။လက်ရှိမှာတော့ မြို့တွင်း၊ မြို့လယ်နဲ့ ဆင်ခြေဖုံးဧရိယာအပါအဝင် မြို့အစွန် အဖျား ၆၃ နေရာမှာ တိုင်းတာစစ်ဆေးမှုတွေလုပ်နေပါတယ်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးစလုံးမှာ လိုက်တိုင်းနေတယ်။ အခုလည်းပဲ တိုင်းနေဆဲပါ။ အဖြေကတော့ ရနေပါပြီ။ ဒါပေမယ့် ထွက်ပေါ်လာတဲ့ အခြေအနေကို ထုတ်ပြန်ဖို့အတွက်ကတော့ စောင့်ကြည့်လေ့လာမှုတွေလုပ်နေတုန်းပါ။ အရင်တုန်းက အခြေခံသတ်မှတ်ချက်တွေမရှိခဲ့တော့ အရင်နှစ်တွေနဲ့ နှိုင်းယှဉ်ကြည့်လို့မရဘူးဖြစ်နေတယ်။ အခုဆိုရင် တိုင်းတာစစ်ဆေးမှုအနေနဲ့ လုပ်နေတာနေရာ ၅၀ လောက်ပြီးနေပြီ။ အားလုံးပြီးသွားရင် စစ်ဆေးမှုရလဒ်ကို မှတ်တမ်းတင်ထားမယ်။ နောက်နှစ်ရောက်ရင် တစ်ကနေပြန်စပြီး ပြန်လည်တိုင်းတာစစ်ဆေးမှုတွေ ထပ်လုပ်ပြီးမှ ကွာခြားမှုကို ထုတ်ပြန်သွားမှာပါ။

**မေး။ ။လေထုတိုင်းတာစစ်ဆေးမှုကနေ ထွက်ပေါ်လာမယ့်ရလဒ်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုစီစဉ်ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ထွက်ပေါ်လာတဲ့ ရလဒ်တွေထဲက မလိုအပ်တဲ့အရာတွေများနေရင် လျှော့ချဖို့အတွက် စီစဉ်ထားတယ်။ လေထုနဲ့ပတ်သက်လို့တော့ တစ်နေရာနဲ့တစ်နေရာ မတူညီနိုင်ပါဘူး။ သစ်ပင်ရှိတာ၊ ကားတွေသုံးစွဲတာ၊ အဆောက်အအုံရှိတာ မတူပါဘူး ။ကာဗွန်ဒိုင်အောက်ဆိုက်က လူတွေ၊ စက်ပစ္စည်းတွေကလည်းထွက်နေတော့ နေရာအလိုက် မတူညီနိုင်ပါဘူး။ များနေရင် လျှော့သွားအောင်လုပ်မယ်။ နည်းနေရင်လည်း ထပ်မတိုးလာအောင် ရေရှည်စီမံကိန်းနဲ့ဆောင်ရွက်သွားမှာပါ။ အဲဒီအစီအစဉ်တွေထဲမှာ သစ်ပင်စိုက်တာတွေပါမယ်။ မီးစက်နဲ့လေအေးပေးစက်သုံးတာတွေ လျှော့ချမှုတွေအပြင် မော်တော်ယာဉ်တွေနဲ့ပတ်သက်ပြီး လျှော့ချရေးတွေ လုပ်သွားဖို့ရှိပါတယ်။ စင်ကာပူနိုင်ငံအခြေစိုက် RAMBOLLENVIRON အဖွဲ့နဲ့လည်း လေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်တွေကို ဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ လတ်တလော အခြေအနေအရဆိုရင် နိုင်ငံတကာမှာ ကာဗွန်ဒိုင်အောက်ဆိုက်တွေများနေလို့ လျှော့ချရေးအစီအစဉ်တွေလုပ်နေပါတယ်။

**မေး။ ။အခုလို လေထုတိုင်းတာစစ်ဆေးနေမှုနဲ့ ပတ်သက်ပြီး ပြည်သူတွေဘက်က ပူးပေါင်းပါဝင်ဖို့လိုအပ်ချက်တွေရှိရင်လည်းပြောပေးပါဦး။**

ဖြေ။ ။လေထုအရည်အသွေး စောင့်ကြည့်လေ့လာရေးစက်နဲ့ တိုင်းတာနေတာဖြစ်တဲ့အတွက် ပြည်သူတွေ ပူးပေါင်းပါဝင်ဖို့ကျတော့ အနည်းငယ်ခက်နေပါလိမ့်မယ်။ ဒါပေမယ့်ထွက်ပေါ်လာမယ့် ရလဒ်တွေအရ ဘယ်နေရာမှာ ဘယ်လိုဓာတ်ငွေ့တွေများနေလို့ လျှော့ချဖို့အတွက် စစ်တမ်းကောက်ယူတဲ့အချိန်မှာတော့ ပြည်သူတွေ ပူးပေါင်းပါဝင်ပေးဖို့လိုပါတယ်။

ဟုတ်ကဲ့ပါ။ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။



ဦးအောင်မြင့်မော်။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ-ဖေဇော်**

---

# ပြည်တွင်းအလုပ်အကိုင်ပြပွဲ လာမည့်နှစ်ဆန်းတွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာပြည်တွင်းရှိ အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် www.work.com.mm ၏ ဒုတိယအကြိမ်မြောက် အလုပ်အကိုင်ပြပွဲ 2nd Recruitment Days ကို လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်မြို့ MICT Park ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် အပြည်ပြည်ဆိုင်ရာကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများမှ သက်ဆိုင်ရာ တာဝန်ရှိသူများက အလုပ်လျှောက်ထားသူများကို အင်တာဗျူးပြုလုပ်သွားမည့် အစီအစဉ်များအပြင် ပညာရှင်များက လုပ်ငန်းခွင်ဆိုင်ရာ ဗဟုသုတများကို အလုပ်ရုံဆွေးနွေးပွဲများ၊ စကားဝိုင်းနှီးနှောဖလှယ်ပွဲများ ပြုလုပ်မျှဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ အလုပ်ရှာဖွေမည့်သူတိုင်း တက်ရောက်နိုင်ကြောင်း၊ မိမိကိုယ်ရေးအကျဉ်း အပြည့်အစုံပါဝင်သည့် အချက်အလက်စုံလင်သော အလုပ်လျှောက်လွှာများကို ယူဆောင်၍ လျှောက်ထားလိုသည့် အလုပ်အကိုင်များကို တိုက်ရိုက်လျှောက်ထားနိုင်ကြောင်း၊ www.work.com.mm ဝက်ဘ်ဆိုက်တွင်လည်း ဝင်ရောက်စာရင်းသွင်းကာ လျှောက်ထားနိုင်ကြောင်း သိရသည်။

ပထမအကြိမ် အလုပ်အကိုင်ပြပွဲကို ယခုနှစ် မေလအတွင်း ကျင်းပခဲ့ပြီး စိတ်ပါဝင်စားသူ တစ်သောင်းခွဲခန့် လာရောက်ခဲ့ကြောင်း၊ ယခုပြပွဲကို အပြည်ပြည်ဆိုင်ရာ လူမှုကွန်ရက်အက်ပလီကေးရှင်း LINE၊ AYA Bank၊ Coca Cola၊ Nestle နှင့် Save the Children/ WWWF အစရှိသည့် ကုမ္ပဏီများက ပါဝင်အားဖြည့် ပံ့ပိုးပေးထားကြောင်း သိရသည်။

**(မြတ်စန္ဒီ)**

---

# (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်ခရီးစဉ်သင်္ဘော နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

(၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ် ခရီးစဉ်အဖြစ် ထွက်ခွာလာသောသင်္ဘောသည် ရန်ကုန်မြို့သို့ နိုဝင်ဘာ ၂၆ ရက်တွင်ရောက်ရှိပြီး ရန်ကုန်ဆိပ်ကမ်း၌ နိုဝင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အဆိုပါခရီးစဉ်တွင် ဂျပန်နိုင်ငံနှင့် အရှေ့တောင်အာရှ ၁၀ နိုင်ငံတို့မှ လူငယ် ၃၀၀ ကျော်တို့ လိုက်ပါလာပြီး ခရီးစဉ်၏ ရည်ရွယ်ချက်များမှာ ကမ္ဘာ့ရေးရာအမြင်များကို ချဲ့ထွင်ရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ တည်ဆောက် မြှင့်တင်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားစဉ်အတွင်း နိုဝင်ဘာ ၂၆ ရက်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရပြီး အဆိုပါ သတင်းစာရှင်းလင်းပွဲကို စိတ်ပါဝင်စားသူ မီဒီယာများအနေဖြင့် ဂျပန်သံရုံးရှိ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာနသို့ ဆက်သွယ်ပြီး စုံစမ်းမေးမြန်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်ကို ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုအဖြစ် ၁၉၇၄ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် (၄၂)ကြိမ်မြောက် တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

---

# Mister Universal Ambassador နှင့် ကမ္ဘာ့ Top 10 စာရင်းဝင် နေဦးခအား ဂုဏ်ပြု

**ရန်ကုန် နိုဝင်ဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသော Mister Universal Ambassador ပြိုင်ပွဲအတွက် Mister of Myanmar Organization မှ စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ ကမ္ဘာ့အဆင့် World Final နောက်ဆုံးပြိုင်ပွဲတွင် Mister Asia Ambassador နှင့် အကောင်းဆုံး ၁၀ ဦးစာရင်းဝင်ဆုရ နေဦးခအား အမှတ်တရ ထပ်ဆင့်ဂုဏ်ပြုသည့် အခမ်းအနားနှင့် စာနယ်ဇင်းများနှင့် တွေ့ဆုံမိတ်ဆက်ပွဲကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းမပေါ်ရှိ Central Hotel တွင် ကျင်းပသည်။

နိုဝင်ဘာ ၁၃ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော Mister Universal Ambassador ပြိုင်ပွဲတွင် ဆုရရှိခဲ့သူ နေဦးခက ပြိုင်ပွဲဝင်အတွေ့အကြုံနှင့် အမှတ်တရစကားပြောကြားသည်။

ထို့နောက် Mister of Myanmar Organization မှ CEO ကိုဇေယျာဟိန်းကရင်းတို့အဖွဲ့မှ ပထမဦးဆုံးအကြိမ်အဖြစ် နေဦးခ အား လေ့ကျင့်သင်ကြားကာ အင်ဒိုနီးရှားတွင် သွားရောက်ယှဉ်ပြိုင်စေပြီး အောင်မြင်မှုရရှိခဲ့မှုအတွက် ဂုဏ်ယူပါကြောင်းပြောကြားပြီး နေဦးခအား အမှတ်တရဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် စာနယ်ဇင်းများ၏ မေးမြန်းမှုကို နေဦးခက ဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၃၀ ခန့်မှ လာရောက်ယှဉ်ပြိုင်သည်ဟုသိရ၍ လက်ရှိ Model ရွေးချယ်ပွဲများနှင့်မတူဘဲ ဉာဏ်ပညာဦးစားပေးစစ်ဆေးမှုများ၊ သက်ကြီးရွယ်အိုများအပေါ် ကူညီစောင့်ရှောက်နိုင်မှုများကို စစ်ဆေးဆုံးဖြတ်ရွေးချယ်ပေးခဲ့သည်ဟု သိရသည်။

အဆိုပါပြိုင်ပွဲ Top 10 စာရင်းဝင် နေဦးခသည် အသက်အငယ်ဆုံး အာရှလူမှုရေးသံတမန်အဖြစ်ဆောင်ရွက်ရမည်ဖြစ်ပြီး ကိုယ်ရေးရာဇဝင်အနေဖြင့် အသက် ၁၈ နှစ်၊ အရပ် ၆ ပေ ၃ လက်မ၊ ပညာအရည်အချင်းအနေဖြင့် Civil Engineering (Victoria University College) ဒုတိယနှစ်တွင် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**(သန်းဦးလှိုင်)**

အနုပညာ

# ဒါရိုက်တာ၊ မင်းသားကျော်ဆွေ၏ ပုလဲမျက်ရည်



မြန်မာ့ရုပ်ရှင်သမိုင်းတွင် စစ်ကားပေါင်းများစွာ ပေါ်ထွက်ခဲ့ဖူးပါသည်။ သို့သော် အချစ်ကားများပေါ်ထွက်မှုနှင့်နှိုင်းစာလျှင် ရာခိုင်နှုန်းအားဖြင့် လွန်စွာနည်း၏။ စစ်ကားကို ဒါရိုက်တာ တိုင်းရိုက်၍ အဆင်မပြေ၊ စစ်အခြေခံ သဘောတရားကို ကျွမ်းကျွမ်းကျင်ကျင်နားလည်ပါမှ ပီပြင်သဘာဝကျသော စစ်ကားကောင်း တစ်ကားဖြစ်နိုင်သည်။ ပေါ်ထွက်ပြီးသည့် မြန်မာစစ်ကားအချို့ကို ဖော်ပြရလျှင် ဂုဏ်မြင့်သူ ၁၉၄၀ ၊ ပုလဲမျက်ရည်၊ ငါ့ညီ ငါ့မြေ ငါ့အမေ၊ ညတိုက်ပွဲ၊ ငါ့နိုင်ငံတော်၊ တောင်ကုန်းအမှတ် (၁၁၉)၊ အမိမြေမှသားကောင်းများ၊ ဆယ့်သုံးရက် ဆယ့်သုံးနာရီ ဆယ့်သုံးယောက်၊ အိပ်မက်တံတား၊ အချစ်တစ်ပွဲစစ်ပွဲတစ်ရာ၊ နှလုံးသားနဲ့စစ်တာဝန်၊ အသက်ကိုနှင်း၍၊ နှောင်းတမြေ့မြေ့၊ တိုက်ပွဲခေါ်သံ၊ ရွှေ့မှာရန်သူ၊ ဝေလည်းမွေး ကြွေလည်းမွေးနှင့် ကြယ်စင်မော်ကွန်း။ စစ်ကားများရိုက်ကူးရာတွင် ဒါရိုက်တာစိန်ဖေတင်သည် အလွန်နာမည်ကြီး၏။

မင်းသားကျော်ဆွေသည် စတန့်မင်းသား၊ အက်ရှင်မင်းသား၊ စတန့်ကား၊ အချစ်ကားသဘာဝကားများကိုသာ သရုပ်ဆောင်ရိုက်ကူးလေ့ရှိရာ ထူးထူးခြားခြားသရုပ်ဆောင်ဒါရိုက်တာအဖြစ် စစ်ကားတစ်ကားသာ ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားမှာ အများသိပြီးဖြစ်သည်။ "ပုလဲမျက်ရည်" မင်းသားကျော်ဆွေသည် စစ်အတွေ့အကြုံရှိသည့်အတွက် ဒါရိုက်တာအဖြစ်နှင့် စစ်ကားရိုက်ကူးရာတွင် အခက်အခဲမရှိ၊တစ်ကားဆို ဆိုသလောက် အံ့သြလောက်အောင် ကျော်ကြားခဲ့ပြီး မြန်မာ့ရုပ်ရှင်သမိုင်းတွင် ဂန္ထဝင်စံတင်ခဲ့လေပြီ။ မင်းသားကျော်ဆွေနှင့် မင်းသမီးခင်ယုမေ တွဲဖက်ရိုက်ကူးခဲ့သည် ဇာတ်ကားပေါင်းများစွာရှိသော်လည်း ထိုဇာတ်ကားတွင် ဇာတ်စကားဖြင့်ပြောရလျှင် လမိုင်းကပ်သည်ဟု ဆိုမလား၊ မင်းသား မင်းသမီး ဇာတ်ကားသုံးပွင့်ဆိုင် အတွဲညီလှသည့်အတွက် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။

မင်းသားကျော်ဆွေသည် တကယ်တော်သော၊ ထူးချွန်ထက်မြက်သော၊ ရုပ်ရှင်လောကသားများအတုယူရသော သရုပ်ဆောင်ကောင်းတစ်ယောက်။ ကံခေသည်ဟုပင်ပြောရမည်၊ အကယ်ဒမီရမသွားရှာ။ သူ့အကြည့် သူ့အမူအရာများသည် စကားတွေဖောင်လောင်အောင်ပြောသည်ထက် အဓိပ္ပာယ်လေးနက်ပြည့်စုံ၏။

ပဲခူးသား၊ အဖဦးဘနှစ်(မြို့ပြအိုးအိမ်ဌာနဝန်ထောက်)နှင့် အမိ ဒေါ်အုန်းစိန်တို့က (၁၀ -၂ -၁၉၂၄) တနင်္ဂနွေနေ့တွင် မွေးဖွားခဲ့သည်။ ငယ်နာမည်မောင်အောင်သိန်း၊ မိဘများက ချစ်စနိုးဖြင့် "မော်နီ" ဟုခေါ်ကြသည်။ မွေးချင်း ငါးယောက်အနက် တတိယမြောက်၊ မိဘများက အလုပ်တာဝန်အရ ရန်ကုန်မြို့စမ်းချောင်းလမ်းသို့ ပြောင်းရွှေ့နေထိုင်သည့်အခါ မောင်အောင်သိန်းသည် ကြည့်မြင်တိုင် အေဘီအမ်ကျောင်းတွင် ဒုတိယတန်းအထိ ပညာသင်ယူခဲ့ပြီး ထိုမှဆက်၍ စိန့်ဂွန်း(ယောကျ်ားလေး)ကျောင်းသို့ပြောင်းရွှေ့ကာ အထက်တန်းပညာကိုသင်ယူခဲ့ရာ ၁၉၄၂ ခုနှစ်တွင် ဆယ်တန်းအောင်ခဲ့သည်။ ကိုအောင်သိန်းသည် ကိုလိုနီခေတ် ဘုရင့်လေတပ်မတော်သို့ဝင်ရောက်ခဲ့ပြီး မြစ်ကြီးနား၌ စစ်သင်တန်းတက်နေစဉ် စစ်ကြီးဖြစ်သည့်အတွက် မြစ်ကြီးနားမှ ပဲခူးသို့ခြေလျင်ပြန်ဆင်းလာခဲ့ရာ အဖော်ခုနစ်ဦးအနက် ငါးဦးသေဆုံးသွားပြီး သူနှင့် အခြားတစ်ဦးသာရှင်ကျန်ရစ်သည်။ ပဲခူးသို့ ပြန်ရောက်သည့်အခါ သူ့ကျွန်မခံလိုသည့် မျိုးချစ်စိတ်ဖြင့် (BIA)ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ပြန်သည်။ ထိုစဉ်က ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဗလ၏တပ်၌ တပ်ကြပ်ကြီးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး (BIA)ဖျက်သိမ်း၍ (BDA) ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့တော့လည်း ဆက်လက်ပါဝင်ဆင်နွှဲပြန်သည်။ ဂျပန်ခေတ်တစ်ခေတ်လုံး ဒုရဲအုပ်ရာထူးဖြင့် မော်လမြိုင်ကျွန်းမြို့၊ ပဲခူးမြို့တို့တွင် တာဝန်ထမ်းဆောင်ရင်း (BDA) နှင့်လျှို့ဝှက်ဆက်သွယ်ကာ လက်နက်ဖြင့်တောခို၍ဖက်စစ်တို့ကို တော်လှန်ပြန်သည်။ စစ်ကြီးအပြီး မန္တလေး၌ ဖွင့်လှစ်သော ရာဇဝတ်(ရဲအုပ်) သင်တန်းသို့ တက်မည်ဆဲဆဲ အပေါင်းအသင်းတစ်စုက ဝိုင်းဝန်းတိုက်တွန်းသည့်အတွက် ရဲအုပ်သင်တန်း မတက်ဖြစ်တော့ဘဲ ရုပ်ရှင်လောကသို့ဝင်ရန်စိုင်းပြင်းတော့သည်။ အစပိုင်းတွင် အခက်အခဲများစွာကြုံတွေ့ရပြီး ရုပ်ရှင်မင်းသား လျှောက်ရာတွင် အဆင်မပြေ၊ အကြိမ်ကြိမ်ကြိုးစားသည့်အခါ အေဝမ်းရုပ်ရှင်မှ ဒါရိုက်တာ ဦးတင်နွယ်၏ ဆက်သွယ်ပေးမှုဖြင့် ဗြိတိသျှဘားမားရုပ်ရှင်မှ ဒါရိုက်တာ ဦးဘရှင်ထံသို့ ရောက်ရှိသွားသည်။ ဦးဘရှင်သည် ရုပ်ဖြောင့်ပြီး ယောကျ်ားပီသသောတည်ကြည်သော မောင်အောင်သိန်းကို သဘောကျ၏။ သို့သော် ချက်ချင်းမင်းသားမခန့်၊ သုံးထပ်တိုက် ခေါင်မိုးပေါ်က ဒိုင်ဗင်ထိုးချနိုင်မှ ဒုတိယမင်းသားရွေးမည်ဟုပြောရာ မောင်အောင်သိန်းသဘောတူသည်။ ဦးဘရှင်နှင့်အတူ မန္တလေးသို့လိုက်သွားပြီး ဦးဘရှင်၏ မင်းသားရွေးပွဲတွင် အခြားသော ဒိုင်ဗင်သမားများဖြင့် ယှဉ်၍ ပါဝင်အရွေးခံသည်။ ထိုစဉ်က ဒါရိုက်တာ ဦးဘရှင်သည် မန္တလေး၌ စတန့်မင်းသားတင်ဖေ၊ မင်းသမီးမေမြင့်တို့နှင့် "စောရစ်ရှား"ရိုက်ကူးနေသည့်အချိန်၊ အေဝမ်းရုပ်ရှင်နှင့် ဗြိတိသျှဘားမားရုပ်ရှင်တို့သည် ရုပ်ရှင်ကားများရိုက်ကူးရာတွင် အများနှင့်မတူတမူထူးအောင် ကြံဆောင်လေ့ရှိရာ ဦးဘရှင်သည် မိမိရိုက်ကူးနေဆဲ ရုပ်ရှင်ကားကို လူအများစိတ်ဝင်စားလာအောင် မန္တလေးမြို့လယ် သုံးထပ်တိုက်ခေါင်မိုးပေါ်မှ ဒိုင်ဗင်ထိုးချစေခြင်းဖြင့် မင်းသားရွေးပွဲကျင်းပသည်။ လာရောက်ကြည့်ရှုကြသည့် ပရိသတ်ကားဖွေးဖွေးလှုပ်မောင်အောင်သိန်းသည် သူ့အလှည့်အရောက်တွင် သုံးထပ်တိုက်ပေါ်မှ ရဲဝံ့စွာဖြင့် ဒိုင်ဗင်ထိုးချရာ မြေပြင်ရှိ ပိုက်ပေါ်သို့ လှလှပပလေးကျသွားသည့်အတွက် ဦးဘရှင်သဘောကျသွားပြီး ဒုတိယမင်းသားအဖြစ် ရွေးလိုက်သည်။ နာမည်ကိုလည်း ကျော်ဆွေဟုပေးလိုက်ရာ ထိုအချိန်မှစ၍ မောင်အောင်သိန်းသည် မင်းသား 'ကျော်ဆွေ'ဖြစ်တော့သည်။

ကိုကျော်ဆွေသည် မျိုးချစ်စိတ်ဓာတ်ပြင်းပြသူပီပီ မြန်မာ့ရုပ်ရှင်ကို အဆင့်မြင့်စေလိုသည်။ နိုင်ငံတကာအဆင့်ဖြစ်စေချင်သည်။ ထိုဆန္ဒဖြင့် ၁၉၆၉ ခုနှစ်တွင် ကိုယ့်စရိတ်နှင့်ကိုယ် ဂျပန်နိုင်ငံသို့ သွားရောက်၍ ရုပ်ရှင်ပညာရပ်များ သင်ယူခဲ့သည်။ ဂျပန်မှပြန်လာပြီးနောက် ကိုယ်တိုင်ဇာတ်ညွှန်းရေး၊ ကိုယ်တိုင်သရုပ်ဆောင်၊ ဒါရိုက်တာလုပ်ကာ ကိုယ်တိုင်တည်ထောင်ထားသည့် "မိုး" ရုပ်ရှင်ထုတ်လုပ်ရေးမှ "ပုလဲမျက်ရည်" ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်သည်။ တရုတ်ဖြူဆန့်ကျင်ရေးမြင်ကွင်းကျယ်ဇာတ်ကားကြီးဖြစ်ပြီး မင်းသမီးခင်ယုမေနှင့် တွဲဖက်သရုပ်ဆောင်သည်။ ကိုကျော်ဆွေ ရိုက်ကူးသည့် ဇာတ်ကားတိုင်း ဓာတ်ပုံပညာကို အသားပေးရိုက်ကူးလေ့ရှိရာ သူ့လက်ရာဇာတ်ကားများသည် ရှုခင်းရှုကွက်များနှင့် ပသာဒရှိပြီး ကြွကြွရွရွလေး လှနေတတ်သည်။ ကိုကျော်ဆွေ၏ ရုပ်ရှင်သက်တမ်းတစ်လျှောက် အတွဲအများဆုံးမင်းသမီးများမှာ မေရှင်၊ မေမြင့်၊ မေရီမြင့်၊ မေသစ်၊ မြင့်မြင့်ခင်၊ စံရှားတင်၊ တင်တင်မူ၊ ခင်နန်းမြင့်၊ နှင်းဆီ၊ ခင်လေးဆွေ၊ ဒေစီကျော်ဝင်း၊ မေနန်းနွယ်နှင့်ခင်ယုမေတို့ ဖြစ်ကြသည်။ နောက်ပိုင်း"မိုး" ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ကာ ကိုယ်တိုင်ဇာတ်ညွှန်း၊ သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် ရိုက်ကူးပြီး မင်းသမီးခင်ယုမေနှင့် အတွဲများသည်။ ၁၉၇၆ ခုနှစ်တွင် မဟာဗောဓိရုပ်ရှင်မှ ဒါရိုက်တာရဲဘော်သက်ရှည်၏ "စနေနေ့ညကိုးနာရီ" ဇာတ်ကားရိုက်ကူးနေစဉ် လေဖြတ်သွားရာ မကျန်းမမာနေခဲ့ရပြီး ၁၉၈၂ ခုနှစ် ဩဂုတ် ၁၅ ရက် အသက် (၅၈) နှစ် အရွယ်တွင် ကွယ်လွန်ခဲ့သည်။ သူသည်ရုပ်ရှင်ဇာတ်ကားပေါင်း ၅၂ ကား ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့ပြီး အနုပညာအရာသာမက မြန်မာ့လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့သူဖြစ်သည့်အတွက် အထူးလေးစားဂုဏ်ပြုထိုက်သူ တစ်ဦးဖြစ်သည်။ ။

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၂ - ၁၁ -၂၀၁၅ (တနင်္ဂနွေနေ့)]

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၄၀ | "မဟာသတိပဌာနသုတ္တန်" (အပိုင်း-၆) တရားတော် (ဓမ္မဒူတဒေါက်တာအရှင်ပညိဿရာဘိဝံသ) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Design Thinking & Creative Thinking Seminar) |
| ၈း၀၀ | Cartoon Series (English Playground) |
| ၈း၄၀ | Cartoon Series (Go Torara Go) |
| ၉း၄၀ | Weekly Sports Diary |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၅ | New York : Central Park |
| ၁၁း၀၅ | Star တို့ရဲ့ လက်ရာ |
| ၁၁း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၄၃+၄၄) |
| ၂း၂၀ | World of Knowledge (Mega Factories Chevy Volt) |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၈) |
| ၅း၂၅ | ဝက်ပါစံအိမ် Behind The Seenes. . . |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၉) |
| ၇း၂၀ | Fashion Week [မိုးကုတ်ပေါက်ပေါက်- Haung Kaung (Part-2)] |
| ၇း၄၅ | Myanmar's Got Talent |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၄၃) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၄၅+၄၆) |
| ၁၁း၄၅ | MRTV-4 Stage |
| ၃း၁၅ | Weekly Sports Diary |
| ၄း၅၀ | တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ဓနုဖြူမြို့ သမိုင်းဝင် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၅ | ဓမ္မပူဇာတေး |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၅ | မြန်မာသံစဉ်ချိုနွားဝင် |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | အင်္ဂလိပ်စာသုတ |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၁၅ | Lucky Door |
| ၁၂း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စိတ်ကူးထဲကချစ်ပုံပြင် |
| ၁၃း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသခြေ (အပိုင်း-၁၁) |
| ၁၄း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၄း၂၅ | လျှပ်တစ်ပြက် |
| ၄း၃၅ | သီဆိုဖြေဖျော် တစ်ကိုယ်တော် |
| ၄း၅၅ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၈၀) |
| ၅း၄၀ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၆း၁၀ | ဘဝကြေးမုံ |
| ၆း၃၅ | လူစွန့်စားခရီးသွားနေသည် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၄၀) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ပဟေဠိနန်းတော် - ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည့် နိမိတ်သခင် (အပိုင်း-၂၀) |

### mitv

| | |
|---|---|
| 07:03 | News |
| 07:27 | Products Of Myanmar - Stone Of The Heavens |
| 07:52 | Paper Lantern Festival 2015 in Action |
| 08:03 | News |
| 08:26 | Tazaungmone (Ep-1) |
| 08:52 | Myanmar Railways City Circular Train |
| 09:03 | News |
| 09:27 | Bagan: The Land of Pagoda |
| 09:53 | Myanmar's Export: Mango |
| 10:03 | News |
| 10:26 | U Kyaw Thu: From Artist to Philanthropist (Part-I) |
| 10:47 | Miss Asia Myanmar 2015 |
| 07:03 | News |
| 07:26 | Let's Cook (EP-11) Scones and Caramel Custard Pudding |
| 07:50 | Paper Lantern Festival 2015 in Action |
| 07:53 | Today Myanmar |
| 08:03 | News |
| 08:26 | Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-3) His Public Service & Literary World |
| 08:53 | Paper Lantern Festival 2015 in Action |

အားကစား

**နိုဝင်ဘာ ၂၂ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ**

**ပရီမီယာလိဂ် ပွဲစဉ် - ၁၃**

| | | |
|---|---|---|
| စပါး | ဝက်စ်ဟမ်း | ည-၁၀း၃၀ |

**စပိန်လာလီဂါ ပွဲစဉ် - ၁၂**

| | | |
|---|---|---|
| ဗီလာရီးယဲလ် | အီဘား | ည-၉း၃၀ |
| ဂရန်နာဒါ | ဘီဘာအို | ည-၁၁း၄၅ |
| ဘက်တစ် | အက်သလက် | နံနက်-၂း၀၀ |

**စီးရီးအေ ပွဲစဉ် - ၁၃**

| | | |
|---|---|---|
| ဗီရိုနာ | နာပိုလီ | ည-၆း၀၀ |
| အတ္တလန္တာ | တိုရီနို | ည-၈း၃၀ |
| ကာပီ | ချီယေဗို | ည-၈း၃၀ |
| ဖီအိုရင်တီးနား | အမ်ပိုလီ | ည-၈း၃၀ |
| ဂျီနိုအာ | ဆာစူအိုလို | ည-၈း၃၀ |
| အူဒီးနီးစ် | ဆမ်ဒိုးရီးယား | ည-၈း၃၀ |
| လာဇီယို | ပါလာမို | ည-၈း၃၀ |
| အင်တာမီလန် | ဖရိုစီရိုနီ | နံနက်-၂း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၃**

| | | |
|---|---|---|
| ဟာသာသာလင် | ဟော့ဖန်ဟိမ်း | ည-၉း၀၀ |
| အင်ဂိုလ်စတက် | ဒမ်းစတက် | ည-၁၁း၀၀ |

**နိုဝင်ဘာ ၂၁ ရက် အနိုင်/အရှုံးရလဒ်များ**

**ပရီမီယာလိဂ် ပွဲစဉ် - ၁၃**

ဝက်ဖို့ဒ် ၁ - ၂ မန်ယူ

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၃**

ဟမ်းဘတ် ၃ - ၁ ဒေါ့မွန်

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၄**

နိုက်စ် ၃ - ၀ လိုင်ယွန်

မောင်မောင်ဇော်

# ချန်ပီယံလိဂ်ကို ခြိမ်းခြောက်နိုင်စွမ်းရှိနေဆဲဖြစ်သည့် ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ် ပြိုင်ပွဲ၌ ရလဒ်မကောင်းခဲ့သော်လည်း ချန်ပီယံလိဂ် ပြိုင်ပွဲကို ခြိမ်းခြောက်ထားနိုင်သည့်အနေအထားတွင်ရှိနေဆဲဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်နောက်တန်း ကစားသမားဘိုတန်က ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြမော်ရင်ဟို၏ ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်အုပ်စု(G)တွင် ရမှတ်ခုနစ်မှတ်ရရှိထားကာ အုပ်စုအဆင့်တွင် ဒုတိယနေရာမှ ရပ်တည်လျက်ရှိပြီး ချန်ပီယံလိဂ်ဖလားကို အရယူနိုင်စွမ်းရှိနေသေးသည့်အသင်း ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ပွဲစဉ် (၁၂) ပွဲကစားအပြီးတွင် ခုနစ်ပွဲအထိ ရှုံးပွဲကြုံခဲ့ပြီး ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ပွဲစဉ်(၁၃)မကစားမီအချိန်အထိ အဆင့်(၁၆)နေရာတွင် ရပ်တည်လျက်ရှိသော အသင်းဖြစ်သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်း၏ အားထားရသည့် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဝီလီယံ၏ သွင်းဂိုးဖြင့် ပြီးခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ကာ အုပ်စု(G)တွင် ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ၏ နောက်တစ်ဆင့် တက်လှမ်းနိုင်ရေး အခွင့်အရေးတစ်ရပ်ကိုလည်း ပိုင်ဆိုင်ရန် နီးစပ်မှုရှိလာခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ် နောက်တန်းကစားသမား ဘိုတန်အနေဖြင့် ၂၀၁၂ ခုနှစ် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းအား ရှုံးနိမ့်ခဲ့ရမှုအပေါ် အခြေခံကာ ချယ်လ်ဆီးအသင်းမှာ ယခုနှစ် ချန်ပီယံလိဂ်ဖလား ရရှိမှုကို စိန်ခေါ်နေသည့် အသင်းတစ်သင်းအဖြစ် ယုံကြည်ထားခဲ့ခြင်းဖြစ်သည်။သို့ရာတွင် ယခုနှစ်ချန်ပီယံလိဂ်ချန်ပီယံဖြစ်လာမည့် အသင်းမှာ မည်သည့်အသင်းဖြစ်လာမည်ဆိုသည်နှင့် ပတ်သက်၍ မှတ်ချက်ပြုခဲ့ခြင်းမရှိပေ။




ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၄ရက်တွင် မက်ကာဘီတဲလ်အဗစ်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်တွင် ပေါ်တိုအသင်းအား အိမ်ရှင်အဖြစ် ဧည့်ခံကစားရမည်ဖြစ်သည်။

ငွေကြယ်



# ရီးယဲလ်မှထွက်ခွာရန် အကောင်းဆုံးအသက်အရွယ်သို့ ရောက်ရှိနေပြီဖြစ်သည့် စီရိုနယ်လ်ဒို

စီရိုနယ်လ်ဒိုမှာ လက်ရှိတွင် အသက်(၃၀)ကျော်လွန်လာပြီဖြစ်သည့်အတွက် ယခုအသက်အရွယ်မှာ ရီးယဲလ်မှ ထွက်ခွာရန် အသင့်လျော်ဆုံးအချိန်ပင်ဖြစ်ကြောင်း ဘာစီလိုနာ ဥက္ကဋ္ဌဟောင်း ဂျိုဟန်လာပေါ်တာက အကြံပြု ပြောကြားခဲ့သည်။ စီရိုနယ်လ်ဒိုသည် ရီးယဲလ်တွင်သာ ကစားသမားဘဝကုန်ဆုံးလိုသဖြင့် အသင်းပြောင်းရွှေ့မည့်သတင်းများကို အမြဲတမ်းငြင်းဆန်နေခဲ့သူဖြစ်သည်။ သို့သော် လာပေါ်တာကမူ စီရိုနယ်လ်ဒိုအနေဖြင့် သူ၏ကစားသမားဘဝအောင်မြင်မှုစခဲ့ရာ ပရီမီယာလိဂ်သို့ ပြန်လည်အခြေချကစားရန် စဉ်းစားသင့်ကြောင်း ယခုကဲ့သို့အကြံပြု ပြောကြားလာခဲ့ခြင်းဖြစ်သည်။

လာပေါ်တာက စီရိုနယ်လ်ဒိုအနေဖြင့် ခြေစွမ်းအမြင့်ဆုံးအနေအထားတစ်ရပ်ကို ထိန်းထားနိုင်ဆဲ အနေအထားကြောင့် ဈေးကွက်တောင်းဆိုမှုအားကောင်းနေဆဲဖြစ်ရာ ကြေးကြီးပေး၍ ခေါ်ယူလိုနေသော အခြားကလပ်အသင်းသို့ပြောင်းရွှေ့မှုကသာ သူ့အတွက် အကောင်းဆုံးရွေးချယ်မှုဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဆိုလိုက်သည်။ ထို့ပြင် လာပေါ်တာက ရီးယဲလ်တွင် ဘာစီလိုနာအတွက် ကစားပေးနိုင်သော ကစားသမားကောင်းများစွာရှိနေပြီး ထိုအထဲတွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်မှာ အသင့်လျော်ဆုံးကစားသမားတစ်ဦးဖြစ်ကြောင်းလည်း ထင်မြင်ချက်ပေးခဲ့သည်။

စီရိုနယ်လ်ဒိုအား မန်ယူ၊ ပီအက်စ်ဂျီတို့က ခေါ်ယူရန် ကြိုးပမ်းနေကြသော်လည်း ကစားသမားကိုယ်တိုင်ကမူ ၂၀၁၆အလွန်ကာလမှသာလျှင် သူ၏အနာဂတ်အတွက် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားထားပြီးဖြစ်သည်။စီရိုနယ်လ်ဒိုမှာ အသက်(၃၇)နှစ်လောက်အထိ ဘောလုံးဆက်လက်ကစားလိုသူဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်သော လာလီဂါထက် စီရီးအေနှင့် လီဂူး-၁တို့တွင်သာ ကစားသမားဘဝ အနားယူရန် ဆုံးဖြတ်သင့်ကြောင်းလည်း လာပေါ်တာက တစ်ဆက်တည်းပင် ပြောကြားခဲ့သည်။

ရှိုင်ယန်ဟေဒင်

# မာရှယ်လ်၏ အကြိုက်ဆုံးကစားသမား သုံးဦး



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းတိုက်စစ်မှူး အန်ထော်နီ မာရှယ်လ်က ၎င်း၏ အကြိုက်ဆုံး ကစားသမား သုံးဦးကို ထုတ်ဖော်ပြောကြားလိုက်သည်။ အဆိုပါ ကစားသမားများမှာ ရိုနယ်လ်ဒို၊ ရိုနယ်လ်ဒင်ဟိုနှင့် ဇီဒန်းတို့ဖြစ်ကြောင်းနှင့် ၎င်းငယ်စဉ်ဘဝကတည်းကပင် အကြိုက်ဆုံး ကစားသမားများအဖြစ် သတ်မှတ်ထားကြောင်း မန်ယူတိုက်စစ်မှူး မာရှယ်လ်က ဖွင့်ဟပြောကြားခဲ့သည်။

ပြင်သစ်ကြယ်ပွင့် မာရှယ်လ်သည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၅၈ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်း၏ ဂန္ထဝင်ကစားသမားဖြစ်ခဲ့သည့် သီယာရီအွန်နရီနှင့်ပင် ခိုင်းနှိုင်းခြင်းခံခဲ့ရသူဖြစ်သည်။

"ဘောလုံးလောကမှာ ကျွန်တော်အကြိုက်နှစ်သက်ဆုံး ကစားသမား သုံးဦးကတော့ ရိုနယ်လ်ဒို၊ ရိုနယ်လ်ဒင်ဟိုနဲ့ ဇီဒန်းတို့ပါပဲ။ သူတို့ကစားတဲ့ပွဲတွေကိုကြည့်ရတာ တကယ့်ပရော်ဖက်ရှင်နယ်ကျကျကစားဟန်တွေကို တွေ့ရသလို ကျွန်တော်ဘောလုံးကစားချင်တဲ့ပိုး ဝင်လာအောင် ဖမ်းစားနိုင်တာလည်း အဲဒီကစားသမားတွေပါပဲ"ဟု မန်ယူတိုက်စစ်မှူး မာရှယ်လ်က ဒေးလီးမေးလ်သို့ ပြောကြားခဲ့သည်။

ငွေကြယ်

# ဖယ်လိုင်နီအား မန်ယူမှ ထွက်ခွာရန် ဘယ်လ်ဂျီယံနည်းပြ မာ့ခ်ဝေးလ်မော့တိုက်တွန်း




ဖယ်လ်လိုင်နီအနေဖြင့် လာမည့်ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်တွင် မန်ယူမှ ထွက်ခွာကာ အခြားကလပ်အသင်းတစ်ခုသို့ပြောင်းရွှေ့ရန် စဉ်းစားသင့်ပြီဖြစ်ကြောင်း ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းနည်းပြ မာ့ခ်ဝေးလ်မော့က တိုက်တွန်းခဲ့သည်။ ဖယ်လ်လိုင်နီသည် မန်ယူသို့မပြောင်းရွှေ့မီက အဲဗာတန်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ရကာ ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သော်လည်း မန်ယူသို့ ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း အရန်ကစားသမားအဖြစ်သာ ကစားနေရသည်။

ထို့ကြောင့်ဝေးလ်မော့က ဖယ်လ်လိုင်နီအနေဖြင့် ဘယ်လ်ဂျီယံအသင်းနှင့် ယူရို-၂၀၁၆ ပြိုင်ပွဲဝင်ရောက်ကစားနိုင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိမည့် အသင်းတစ်သင်းသို့ လာမည့်ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်၌ပင် ပြောင်းရွှေ့ရန်ပင်ဖြစ်ကြောင်း ဆိုခဲ့သည်။ ဖယ်လ်လိုင်နီသည် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် ပထမပွဲထွက်ကစားသမားအဖြစ် သုံးပွဲသာ ဝင်ရောက်ကစားခွင့်ရရှိ ခဲ့ပြီး ကိုးပွဲတွင် လူစားလဲကစားသမားအဖြစ်သာ ဝင်ရောက်ကစားခွင့်ရရှိခဲ့သည်။

ဖယ်လ်လိုင်နီသည် ပြီးခဲ့သည့်ရက်သတ္တပတ်က ယှဉ်ပြိုင်ခဲ့သည့် ဘယ်လ်ဂျီယံက အီတလီအားအနိုင်ရရှိခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲ၌လည်း ဘယ်လ်ဂျီယံအသင်းလူစာရင်းတွင် ရွေးချယ်ခြင်းမခံခဲ့ရပေ။ ဝေးလ်မော့က ကလပ်အသင်းတစ်သင်းမှာပင် ပုံမှန်ပွဲထွက်ကစားခွင့်မရရှိသော ကစားသမားတစ်ယောက်အား လက်ရွေးစင်အသင်းကြီးတွင် ရွေးချယ်မှုမပြုခြင်းမှာ ထူးဆန်းသည့်ကိစ္စရပ်မဟုတ်ကြောင်း၊ ဘယ်လ်ဂျီယံအသင်းနှင့် ယူရိုဖလားပွဲနွှဲလိုလျှင် ဖယ်လ်လိုင်နီအတွက်တစ်ခုတည်းသော ရွေးချယ်မှုက မန်ယူမှ ထွက်ခွာရန်ပင်ဖြစ်ကြောင်း၊ ယူရိုဖလားပြိုင်ပွဲမှာ နီးကပ်လာပြီဖြစ်သဖြင့် နွေဈေးကွက်ဖွင့်လှစ်ချိန်အထိအချိန်မဆွဲသင့်ဘဲ ယခုဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်၌ပင် မန်ယူမှ အမြန်ထွက်ခွာသင့်ကြောင်း တိုက်တွန်းခဲ့သည်။

မေလှဲ့သင်း

## ညောင်တုန်း၌မြန်မာစာစွမ်းရည်ပြိုင်ပွဲကျင်းပ

**ညောင်တုန်း နိုဝင်ဘာ ၂၁**

ကျောင်းသား၊ ကျောင်းသူများ မြန်မာစာအရေးအသားများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အတွေးအခေါ်နှင့် ဉာဏ်ရည်မြင့်မားစေရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် မြို့နယ်အဆင့်အခြေခံပညာ (ထက်၊ လယ်၊ မူ) မြန်မာစာစွမ်းရည်ပြိုင်ပွဲများကို ညောင်တုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ မြန်မာစာစွမ်းရည်ပြိုင်ပွဲသို့ အခြေခံပညာမူလတန်းအဆင့်တွင် ကျောင်းသား၊ ကျောင်းသူ ၂၀၇ ဦး၊ အလယ်တန်းအဆင့်တွင် ၃၄ ဦးနှင့် အထက်တန်းဆင့်တွင် ၂၂ ဦး စုစုပေါင်း ၂၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။

အဆိုပါ မြန်မာစာပေအရေးအသား တိုးတက်စေရေး ပြိုင်ပွဲကျင်းပရာသို့ တက်ရောက်လာသော မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ အမှတ်ပေးစည်းမျဉ်းများအား ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများနှင့် မြန်မာစာစာပေစစ်ဆေးအကဲဖြတ်ရေး ခေါင်းဆောင်များအား အသေးစိတ်မှာကြားသည်။

ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူးဦးမြင့်အောင်နှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး ၂၅ ဦးက မြန်မာစာပေစွမ်းရည်ပြိုင်ပွဲကို ကြီးကြပ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

**ထွန်းကျော်(ညောင်တုန်း)**

## ကန့်ဘလူမြို့၌ဝန်ထမ်းအိမ်ရာ၉၀ရာခိုင်နှုန်းပြီးစီး

**ကန့်ဘလူ နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကန့်ဘလူမြို့၌ ဝန်ထမ်းအိမ်ရာ စီမံကိန်းအနေဖြင့် အလျား ၁၀၂ ပေ၊ အနံ ၂၅ ပေ ရှိ RCလေးခန်းတွဲ လေးထပ်အဆောက်အအုံလေးလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၉ ရက်တွင် ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအိမ်ရာစီမံကိန်းကို ကန့်ဘလူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (ကန့်ဘလူ) ကျောင်းတောင်ဘက် မြို့ရှောင်ကွင်းလမ်းအနောက်ဘက်တွင် တင်ဒါအောင် Wisdom Light၊ မြင့်မြတ်ချမ်းသာ၊ မိုးတိမ်လွှာနှင့် မြင့်မိုရ်စကြာကုမ္ပဏီတို့က ယခုနှစ်ဇွန် ၆ ရက်ကစတင်၍တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

"အခုကျွန်တော်တို့ဆောက်လုပ်နေတဲ့ အဆောက်အအုံကတော့ မီးပိုင်း၊ ရေပိုင်းနဲ့ မျက်နှာကြက်တချို့သာ ကျန်ရှိနေပါတယ်။ ဒီဇင်ဘာလကုန်မှာလုပ်ငန်းအားလုံးပြီးစီးမှာဖြစ်ပါတယ် "ဟု Wisdom Light ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးဒါဇင်ကျော်က ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အားဖက်စပ်အဖြစ် အကောင်အထည်ဖော်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား အစိုးရရှယ်ယာနှင့် ပုဂ္ဂလိကရှယ်ယာ Joint အဖြစ် အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဥပဒေအားပြင်ဆင်ရေး၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၏ လက်ရှိပိုင်ဆိုင်မှုစာရင်းများ စိစစ်ပြုစုရေးနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လုပ်ငန်းဖော်ဆောင်မှုပုံစံပြုစုရေးတို့အတွက် ဆပ်ကော်မတီများ ဖွဲ့စည်းရေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား အစိုးရရှယ်ယာနှင့် ပုဂ္ဂလိကရှယ်ယာ Joint အဖြစ် အကောင်အထည်ဖော်နိုင်ရေးနှင့် ဆပ်ကော်မတီဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များအား ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်တို့မှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ယာဉ်တိမ်းမှောက်မှုခရီးသွား အာမခံကြေးပေးအပ်

**ပင်လည်ဘူး နိုဝင်ဘာ ၂၁**

မုံရွာ-ပင်လည်ဘူးခရီးစဉ်ပြေးဆွဲသည့် အာကာမန်းခရီးသည်တင်ယာဉ်လိုင်းမှ နိုဝင်ဘာ ၁၃ ရက်က မုံရွာ-ဘုတလင်-ရေဦးလမ်း ကန်သစ်ရွာအကွေ့တွင် ဖြစ်ပွားခဲ့သည့် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် ပင်လည်ဘူးမြို့နယ်မှ သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအတွက် ခရီးသွားအာမခံလျော်ကြေးကို နိုဝင်ဘာ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ပေးအပ်ခဲ့သည်။

မုံရွာ-ပင်လည်ဘူးခရီးစဉ်ပြေးဆွဲသည့် အာကာမန်းခရီးသည်တင် ယာဉ်တိမ်းမှောက်မှုတွင် ပင်လည်ဘူးမြို့နယ်မှ ဦးချစ်ဦး၊ ဦးကိုဦး၊ ဦးလှိုင်ဝင်းထွဋ်နှင့် ဒေါ်ငြိမ်းငြိမ်းစိုးတို့လေးဦးပါရှိပြီး ဦးကိုဦးနှင့် ဦးဝင်းလှိုင်ထွဋ်တို့မှာ ဒဏ်ရာများရရှိ၍ ဆေးကုသမှုခံယူလျက်ရှိကာ ဦးချစ်ဦးနှင့် ဒေါ်ငြိမ်းငြိမ်းစိုးမှာ သေဆုံးသွားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ)မှ ဒဏ်ရာရရှိသူများအတွက် ဆေးကုသစရိတ်နှင့် သေဆုံးသူများအတွက် တစ်ဦးလျှင် အထူးခရီးသွားအာမခံလျော်ကြေး ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် သေဆုံးသူမိသားစုများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**



## ကျွန်းလှ–သဖန်းဆိပ်မြေသားလမ်းချဲ့ခြင်းဆောင်ရွက်

**ကျွန်းလှ နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွန်းလှ-သဖန်းဆိပ် မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ မြေသားလမ်းချဲ့ခြင်းကို ခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၈၅ ဖြင့် အရှည် ၅မိုင်၊ လမ်းဝဲယာ ၅ပေစီကို တင်ဒါအောင် AFC ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကျွန်းလှ-သဖန်းဆိပ်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး အကျယ် ၁၂ ပေသာရှိကြောင်း၊ နေ့စဉ် ငါးဘတ်အိုင်၊ ကြို့ပင်ချောက်၊ အင်တိုင်းလှေဆိပ်သို့ ကား၊ သုံးဘီးဆိုင်ကယ်များသွားလာနေကြောင်း၊ ပွင့်လင်းရာသီရောက်ပြီဖြစ်သည့်အတွက် လိုင်းကားများလည်း ပြေးဆွဲမည်ဖြစ်ကြောင်း၊ ယခုလိုမြေသားလမ်းချဲ့ခြင်းဖြင့် ယာဉ်အန္တရာယ်လည်းမစိုးရိမ်ရတော့ကြောင်း ဒေသခံတစ်ဦးကပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**


### အ.ထ.က (၂)ဖိုလိပ်တထောင် (St.Philip) အငြှမ အကြိမ် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

အ.ထ.က(၂)ဖိုလိပ်တထောင် (St.Philip) တွင် (၁၉၇၅ မှ ၂၀၀၃)ခုနှစ်အတွင်း ပညာသင်ကြား ပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး များကို (၁၉၇၅ မှ ၂၀၀၃)ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြ သော ကျောင်းသား/သူဟောင်းများမှ အငြှမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည် ဖြစ်ပါ၍ အောက်ပါ အစီအစဉ်အတိုင်း ကိုယ်တိုင် ကြွရောက်ပူဇော်ကန်တော့ကြပါရန် ချစ်ခင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အငြှမအကြိမ် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ

ကန်တော့ပွဲအစီအစဉ် ကျင်းပမည့်နေ့ရက် - (၂၆-၁၁-၂၀၁၅) တန်ဆောင်မုန်းလပြည့်နေ့

ကျင်းပမည့်အချိန် - နံနက် (၉:၀၀) နာရီ

ကျင်းပမည့်နေရာ -(St.Philip's Church)

ဆရာဦးချစ်ဆွေ၊ ဆရာဦးအောင်ကြည် ဦးဆောင်သော ပူဇော်ခံ ဆရာ/ဆရာမ တစ်စုမှ တပည့်များနှင့် လုပ်ဖော်ကိုင်ဖက် ဆရာ/ဆရာမများအား နံနက် (၇:၀၀)နာရီ မှ (၉:၀၀)နာရီ အတွင်း တွဲဖက် ဆွမ်းကပ်ခြင်းဖြင့် ညှိ၍ ကျွေးမွေးပါမည်။



### နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

၂၀၁၅-၁၆နှစ်အတွက် အထူးဈေးနှုန်း အထူးဝန်ဆောင်မှုအစီအစဉ်သစ်

အထူးဆု-ကျပ်သိန်း(၁၀၀)တန် ကားသစ်ကြီး (၁)ဆုနှင့် အခြားဆုမဲများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။

(၇)ညအိပ် (၈)ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွားပွင့်၊ဟောစံ) Hotel 2 days → (၉.၅)သိန်း

(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတသုံးဌာန( အိန္ဒိယ + နီပေါ) Hotel 4 days → (၉.၉)သိန်း

(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊တပ်ချ်မဟာ Hotel 6 days → (၁၁.၅)သိန်း

သီရိလင်္ကာ စွယ်တော် + မူလဗောဓိပင် + ဖန်ကောက်မြဘုရား (၇)ရက်ခရီး → (၁၈)သိန်း စရိတ်ငြိမ်း

အသက်သာဆုံးဈေးနှုန်းနှင့် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။

စရံငွေ(၂)သိန်းပေးသွင်းပြီးပါက သတ်မှတ်ဈေးနှုန်းပြောင်းလဲ၍ ကောက်ခံခြင်းမရှိပါ။

ဗုဒ္ဓဂယာတွင် ခါတ်လေ့ကာ၊ပါဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။ ညမောင်းခရီးစဉ် လုံးဝမရှိပါ။ ခရီးစဉ်တိုင်း၊ လေယာဉ်ပေါ်တွင် အဖွဲ့ခေါင်းဆောင်တစ်ဦးပါဝင်ပါမည်။

သတ်မှတ်ထားသောဈေးနှုန်းထက်ပို၍ ထပ်မံကောက်ခံခြင်းမရှိပါ။ဗုဒ္ဓဂယာခရီးစဉ်တွင် (၁၁)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။ ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် ဟောက်ကာမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

ထွက်ခွာမည့်ရက်များ: ၁၂ ရက်ခရီးစဉ် (Dec-14,28), (Jan-11,25), (Feb-8,22), (Mar-7,21),(April-12)
၁၅ ရက်ခရီးစဉ် (Dec-22),(Jan-5,19),(Feb-2,16),(Mar-1,15),(April-5,12),

သီရိလင်္ကာခရီးစဉ်များ– (Dec-29),(Jan-29),(Feb-29),(Mar-29),(April-29)

အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(နံ့သာတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉



### နယူးမန္တလာထွန်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ဒသမအကြိမ်မြောက် မိသားစုဘုံကထိန် အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

"နယူးမန္တလာထွန်း" အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးအသင်း ယာဉ်လိုင်းပိုင်ရှင်၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်ဝန်ထမ်းများ၊ ဂိတ်ဝန်ထမ်းများနှင့်ခရီးသည်များ မိသားစုတို့က သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာအမှန်မြတ်နိဗ္ဗာန်ကို ရည်သန်သမှုအာရုံပြု၍ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်မြောက်ပိုင်းရပ်၊ အမှတ်(၃)လမ်းမကြီး၊ မဟာစန္ဒာရုံ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်အတွင်းရှိ ပုရိမဝါမှ ထတော်မူကြကုန်သော သံဃာတော်အရှင်သူမြတ်တို့အား အခြံအရံပစ္စည်းနှင့်တကွ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ကထိန်အောင်ပွဲအထိမ်းအမှတ်အဖြစ် ၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် စီးနင်းလိုက်ပါလာကြသော "နယူးမန္တလာထွန်း" ခရီးသည်မိတ်ဆွေအားလုံးကို ညစာ အခမဲ့ ကျွေးမွေးလှူဒါန်းမည်ဖြစ်ပါသည်။

နယူးမန္တလာထွန်း



### အထက(၃) မော်လမြိုင်မြို့ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

မော်လမြိုင်မြို့၊ အမှတ်(၃)အထကကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို၂၇-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၏ အားကစားခန်းမဆောင်တွင် ကျင်းပမည်ဖြစ်ပါသည်။ အသက်(၆၀)နှစ်ပြည့်ပြီးသည့် ဆရာ၊ ဆရာမများကို ပူဇော်မည်ဖြစ်ပါ၍ အပူဇော်ခံဆရာ၊ ဆရာမများ အပူဇော်ခံတက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာ့ဂုဏ်ကျေးဇူးကို သိတတ်သည့် သမီးကျောင်းသူဟောင်းများအားလုံး တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်- ဒေါ်မိမိနိုင်-၀၅၇-၂၇၀၆၈၊ ၀၉-၂၆၃၅၉၂၁၈၉၊ ဒေါ်ကျင်မြင့်-၀၉-၅၃၂၃၄၂၅၊
ဒေါ်ခင်မေချစ်-၀၉-၇၈၈၂၇၀၅၇၃၊ ဒေါ်စန်းစန်းသက်-၀၉-၅၃၂၀၄၉၄၊
ဒေါ်ရီရီမြင့်-၀၉-၄၂၅၃၆၅၉၅၀
ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ လိုက်ပါလိုသူ အပူဇော်ခံဆရာမများနှင့် ကျောင်းသူဟောင်းများ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

ဆက်သွယ်ရန်- ဒေါ်ခင်လေးရီ-၀၉-၇၃၀၈၈၂၂၆၊ ၀၉-၉၆၀၈၃၂၂၆၆
ဒေါ်သန်းသန်းမူ-၀၉-၅၄၀၀၈၅၃၊ ၀၉-၇၉၅၇၀၀၃၄၅
ဒေါ်ခင်မျိုးဦး-၀၉-၃၇၀၄၄၃၁၁၊ ဒေါ်ဝါဝါဝင်း-၀၉-၅၀၆၀၇၅၄



*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး စသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

# သမစိတ္တ ထာဝရမိတ်ဆွေ

# လောကအလှ ငြိမ်းချမ်းရေးအစွန့်ရှည်

**ခ ကိုရင်ညြ**

ကမ္ဘာ့ဖက်ရှင်မြို့တော် ပါရီ၌ အရေးကောင်းဒိန်းဒေါင်းဖျက် ဟူဘိသို့ပင် အေးချမ်းသာယာသော ညတစ်ညကို ပျော်ရွှင်စွာဖြတ်သန်းနေကြစဉ်မှာပင် ယမ်းငွေ့တဝေဝေအတွင်း ပျော်ရွှင်ခြင်းများ ဖုန်ဖုန်ညက်ညက်ကြေပျက်ခဲ့ရသည်။ နိုးနိုးနန့်နန့် ပြည်လုံးလန့်ခဲ့ရသည့် ဖိမ့်ဖိမ့်တုန် ဖြစ်ရပ်မှန်ဇာတ်လမ်းကို ဖန်တီးသူများကား အစွန်းရောက် ယုံကြည်ချက်အတွက် ပြောင်းဆန်အောင် အကြမ်းဖက်ရန် လက်မရွံ့သူများပင်ဖြစ်တော့သည်။

မြို့တော်ပါရီ၌ နိုဝင်ဘာ ၁၃ ရက် ညချမ်းချိန်ခါတွင် သွေးပျက်ဖွယ်ရာ ဖြစ်ရပ်များကို တစ်ဆုပ်တစ်ခဲ တွေ့မြင်ခဲ့ကြရ၏။ လူအုပ်အတွင်းသို့ သေနတ်ဖြင့် တွေ့ရာမြင်ရာ ပစ်ခတ်ခြင်း၊ အသေခံဗုံးခွဲခြင်း၊ ဓားစာခံဖမ်းဆီးခြင်း စသည့်ပိုးစိုးပက်စက် တိုက်ခိုက်မှု လုပ်ရပ်များ တသီတတန်းကြီးဖြစ်ပေါ်ခဲ့သည်။ အမိအငိုက်ဖမ်းကာ တရကြမ်းတိုက်ခိုက်လာသူများအနက် တစ်ဦးက "ဒါတွေဟာ အော်လွန်းရဲ့အမှား၊ မင်းတို့သမ္မတရဲ့ အမှား၊ အော်လွန်းဟာ ဆီးရီးယားစစ်ပွဲထဲ ကြားမဝင်သင့်ဘူး" ဟု အသံနက်ကြီးဖြင့် ဟစ်ကြွေးခဲ့လေသည်။

ပါရီနှင့် ယင်း၏မြောက်ပိုင်း ဆင်ခြေဖုံးအရပ်ဖြစ်သော စိန့်ဒီနစ်အရပ်တို့၌ အကြမ်းဖက်သမားများက ကြိုတင်အကွက်ရိုက်ကာ ချိန်ကိုက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ၁၂၉ ဦးအထိ သေဆုံးခဲ့ရသည်။ သေဆုံးသူများအနက် ၈၉ ဦးမှာ ဘာတာကလန် ပြဇာတ်ရုံ တိုက်ခိုက်ခံရမှု၌ ဖြစ်သည်။ အမေရိကန် ရော့ခ်တေးဂီတအဖွဲ့ ဖျော်ဖြေပွဲ ကျင်းပနေခိုက် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူများက အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်သေနတ်များကို ကိုင်ဆောင်ကာ ဝင်ရောက်ပစ်ခတ်ခဲ့၏။

နေရာခြောက်နေရာ၌ ချိန်ကိုက်အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်၏ ပစ်မှတ်တစ်နေရာမှာ Stade de France အမျိုးသားအားကစားပြိုင်ပွဲရုံဖြစ်သည်။ ပြင်သစ်လက်ရွေးစင်ဘောလုံးအသင်းနှင့် ကမ္ဘာ့ဖလား လက်ရှိချန်ပီယံ ဂျာမနီတို့ ချစ်ကြည်ရေးခြေစမ်းပွဲကစားနေချိန်အတွင်း သွေးဆူနေသော အကြမ်းဖက်သမားတစ်စုက ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြသည်။

ပြင်သစ်သမ္မတ ဖရန်ဆွာအော်လွန်း ကိုယ်တိုင် ဘောလုံးပွဲကို အားပေးနေချိန်တွင် အတင့်ရဲစွာ တိုက်ခိုက်လာခြင်းဖြစ်သည်။

အလားတူပင် ပြဇာတ်ရုံအနီးရှိ Le Petit Cambodge စားသောက်ဆိုင်၌လည်း သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အခြားလမ်းမတစ်နေရာရှိ ဂျပန်စားသောက်ဆိုင်၊ ကော်ဖီဆိုင်တစ်ဆိုင်နှင့် ပီဇာဆိုင်တို့မှာလည်း ပစ်မှတ်ထားခံခဲ့ရသည်။

လူပေါင်း ၄၃၃ ဦး ဒဏ်ရာရရှိခဲ့ပြီး ၈၀ ခန့်မှာ ဒဏ်ရာပြင်းထန်သည်။ အကြမ်းဖက်သမား ခုနစ်ဦး သေဆုံးခဲ့သည်။

ယခုဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း လူအသေအပျောက်အများဆုံး တိုက်ခိုက်ခံရမှုဖြစ်သည်။ ၂၀၀၄ ခုနှစ်က မဒရစ်မြို့၌ ရထားဗုံးခွဲတိုက်ခိုက်မှုပြီးလျှင် ဥရောပ၌ သေဆုံးသူ အများဆုံးအကြမ်းဖက်တိုက်ခိုက်မှုဟုလည်း ဆိုနိုင်သည်။

ပါရီအကြမ်းဖက်တိုက်ခိုက်မှုကို မိမိတို့ ပြုလုပ်ခဲ့သည်ဟု အီရတ်နှင့် လဗန့်အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်အိုင်အက်စ်) အဖွဲ့က ကြေညာခဲ့လေသည်။ အိုင်အက်စ်အိုင်အက်စ်(တစ်နည်း) အိုင်အက်စ်အဖွဲ့က ပြင်သစ်နိုင်ငံကို စင်ခင်းခြင်းဖြစ်သည်ဟု သမ္မတအော်လွန်းက တုံ့ပြန်ပြောဆိုခဲ့ပြီး အရေးပေါ်အခြေအနေ ကြေညာပြီးလျှင် ပြင်သစ်နိုင်ငံ၏ နယ်စပ်ဒေသများကို ထိန်းချုပ်ထားစေသည်။

နိုဝင်ဘာ ၁၅ ရက်တွင် ပြင်သစ်က လက်တုံ့ပြန်သည့်အနေဖြင့် ဆီးရီးယားနိုင်ငံ အယ်လ်ရပ်ကာအရပ်ရှိ အိုင်အက်စ်ခြေကုပ်စခန်းများကို လေကြောင်းမှ အပြင်းအထန် တိုက်ခိုက်ခဲ့လေသည်။

အိုင်အက်စ်အဖွဲ့သည် ပါရီတိုက်ခိုက်မှု မပြုလုပ်မီ ရက်သတ္တနှစ်ပတ်အလိုကပင် အကြမ်းဖက်တိုက်ခိုက်မှုများကို ဆင့်ကဲဆင့်ကဲ ပြုလုပ်ခဲ့သေးသည်။ ပါရီတိုက်ခိုက်မှု မဖြစ်ပွားမီ နှစ်ရက်အလိုတွင် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

အောက်တိုဘာ ၃၁ ရက်က အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်ဒေသတွင် ရုရှားခရီးသည်တင် လေယာဉ်တစ်စင်း ပျက်ကျအောင် ဗုံးထောင်ပေးခဲ့သည်မှာလည်း မိမိတို့၏ လက်ချက်ဖြစ်သည်ဟု အိုင်အက်စ်အဖွဲ့က ဝင့်ဝင့်ကြွားကြွား ကြွေးကြော်ခဲ့သေးသည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ ယခုနှစ် ဇန်နဝါရီလအတွင်းက Charlie Hebdo မဂ္ဂဇင်းတိုက် တိုက်ခိုက်ခံရမှုနှင့် ကုန်တိုက်တစ်တိုက်တွင် အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ချိန်မှစ၍ လုံခြုံရေးအတွက် တပ်လှန့်သတိပေးချက် ထုတ်ပြန်ခဲ့သည့်ကြားမှ အကြမ်းဖက်တိုက်ခိုက်မှု ထပ်မံဖြစ်ပွားလာခြင်းဖြစ်၏။

ပါရီအကြမ်းဖက်တိုက်ခိုက်မှုကို ဦးဆောင်ခဲ့သူအဖြစ် မသင်္ကာရသူ အက်ဘ်ဒယ်ဟာမစ်အဘာယုသည် နိုဝင်ဘာ ၁၈ ရက်က ရဲတပ်ဖွဲ့၏ စီးနင်းမှုအတွင်း သေဆုံးခဲ့ပြီဟု အစိုးရရှေ့နေများက နိုဝင်ဘာ ၁၉ ရက်တွင် အတည်ပြုပြောကြားခဲ့ကြသည်။

အဘာယုသည် ဘယ်လ်ဂျီယံနိုင်ငံသားဖြစ်သည်။ ပါရီမြောက်ပိုင်း စိန့်ဒင်းနစ်ရပ်ကွက်ရှိ အဆောက်အအုံကို ရဲတပ်ဖွဲ့က စီးနင်းခဲ့ရာတွင် ရှစ်ဦးကို ဖမ်းဆီးရမိပြီး နှစ်ဦးကို အသေဖမ်းဆီးရမိခဲ့လေသည်။

ပါရီတိုက်ခိုက်မှု၌ ပါဝင်ခဲ့သော ရှစ်ဦးမြောက်သေနတ်သမားအဖြစ် သံသယရှိသည့် ဆာလာအက်ဒက်စလမ်ကို နိုင်ငံတကာတွင် ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။ ဆာလာမှာ ပြင်သစ်နိုင်ငံသားဖြစ်ပြီး သေနတ်သမားတစ်ဦးဖြစ်သော သူ၏အစ်ကိုနှင့်အတူ ဘရပ်ဆဲလ်မြို့၌ နေခဲ့ဖူးကာ ဘယ်လ်ဂျီယံသို့ ပြန်သွားသည်ဟု စုံစမ်းစစ်ဆေးမှုများအရ သိရလေသည်။

### သမိုင်းတွင်ရစ်မည့် အကြမ်းဖက်တိုက်ခိုက်မှု

နိုဝင်ဘာ ၁၃ ရက်သည် ပြင်သစ်နိုင်ငံအတွက် စက်တင်ဘာ ၁၁ ရက်အကြမ်းဖက်တိုက်ခိုက်ခံရမှုဟု ဆိုနိုင်သည်။ အမေရိကန် မြေပေါ်တွင် ဖြစ်ပွားခဲ့သော စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြီးနည်းတူ ပါရီတိုက်ခိုက်မှုသမိုင်းတွင်ရစ်ပေလိမ့်မည်။

ပါရီအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်၏ နောက်ကွယ်၌ ရွှေ့ပြောင်းအခြေစိုက် နေထိုင်မှု ပြဿနာကို တွေ့မြင်နိုင်သည်။ ဆီးရီးယားနှင့် အီရတ်အပါအဝင် အရှေ့အလယ်ပိုင်းဒေသမှ မွတ်စလင်အများစုဖြစ်သော စစ်ပြေးဒုက္ခသည်များသည် ဥရောပနိုင်ငံများ၌ အခြေစိုက်နေထိုင်ခွင့်ရရှိရန် ကြိမ်းပမ်းနေကြသည်။

ယခုအချိန်တွင်ကား ပြင်သစ်နိုင်ငံသားများက အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံဖြစ်ပေါ်လာမည့်အရေး ရင်လေးနေကြသည်။ ပြင်သစ်နိုင်ငံ၌ မွတ်စလင် ခြောက်သန်းရှိနေပြီး လူဦးရေ၏ ကိုးရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုလေသည်။

ပြင်သစ်နိုင်ငံသား မွတ်စလင်တို့မှာ ချည်ဝင်အူပေါက်ဖြစ်နေသော အကြမ်းဖက်မှု ပြဿနာကို အကြောင်းပြု၍ အကြမ်းဖက်တိုက်ခိုက်ဖွယ်ရှိသူများအဖြစ် တန်းညှိခံရမည့်အရေး ရတက်မအေးကြပါလေ။

ပြင်သစ်၌ အခြေစိုက်နေထိုင်လျက်ရှိသော မွတ်စလင်တို့မှာ အာဖရိကမြောက်ပိုင်းနွယ်ဖွားများဖြစ်ကြသည်။ ပြင်သစ်နိုင်ငံ၌ Charlie Hebdo မဂ္ဂဇင်းတိုက် တိုက်ခိုက်ခံရမှုဖြစ်ရပ်အပြီး ပြည်သူများအတွင်း မွတ်စလင်ဆန့်ကျင်ရေး စိတ်ဓာတ်ပြင်းထန်လာခဲ့ပြီး ပါရီတိုက်ခိုက်မှုကြောင့် မွတ်စလင် မုန်းတီးမှု စိတ်ဓာတ်ပိုပိုမြင့်တက်လာနိုင်ပေရာ ပြင်သစ်မွတ်စလင်တို့မှာ ဒွေးရောဥပဒ်ရော အကျပ်ဆိုက်ရလေပြီ။

ပကတိအမှန်တရားအရ သုံးသပ်ရှုမြင်ကြည့်လျှင် အစွန်းရောက်ခြင်းသည်သာလျှင် အကြမ်းဖက်မှု၏ မြစ်ဖျားခံရာဖြစ်သည်။ အကြမ်းဖက်သမားအဖြစ် ပုံသွန်းလောင်းပေးသည်မှာ ဝါဒသဘောတရားရေးအရ အစွန်းရောက်မှုဖြစ်၏။

တရားကိုယ်အားဖြင့် အကြမ်းဖက်သမားနှင့် အဓမ္မဝါဒတို့ ဒွန်တွဲနေတတ်သည်မှာ ဒင်္ဂါးပြား၏ ခေါင်းနှင့်ပန်းပမာတည်း။

အိုင်အက်စ်အဖွဲ့၏ ပစ်မှတ်များတွင် ပြင်သစ်က ထိပ်တန်းနေရာ၌ ရှိနေရခြင်းမှာ ယင်းနိုင်ငံကို စံနမူနာပြ သင်ခန်းစာပေးလို၍ဖြစ်ကြောင်း၊ ယင်းအဖွဲ့၏ "ခရူးဆိတ်စစ်ပွဲ" လှုပ်ရှားမှုတွင် အခြားဥရောပမြို့ကြီးများ၊ ဝါရှင်တန်နှင့် မော်စကိုစသည့်မြို့ကြီးများကိုလည်း ပစ်မှတ်များအဖြစ် သတ်မှတ်ထားကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးကျွမ်းကျင်သူများက သုံးသပ်ပြောကြားကြသည်။

လောကီဝါဒ (Secularism) ကို အလေးပေးသော ပြင်သစ်ယဉ်ကျေးမှုနှင့် အစွန်းရောက် အတွေးအခေါ်ရှိသူ အိုင်အက်စ်တို့အကြား စံတန်ဖိုးများအရ ကွဲပြားခြားနားနေခြင်းသည်ပင်လျှင် အိုင်အက်စ်တို့အတွက် ဂျီဟတ်စစ်ပွဲဆင်နွှဲလိုစိတ်ကို မြင့်တင်ပေးရာရောက်သည်ဟု ရှုမြင်ရသည်။

အေးချမ်းစွာ နေထိုင်လိုကြသော ကမ္ဘာတစ်ဝန်းရှိ မွတ်စလင်များကမူ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများမှတစ်ဆင့် ၎င်းတို့၏ ရပ်တည်ချက်ကို ထုတ်ဖော်ပြသလာကြလေသည်။ အကြမ်းဖက်မှုသည် ငြိမ်းချမ်းမှုသို့ ဦးတည်သော အစ္စလာမ့်ကျင့်စဉ်များနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်သည်ဟု နိုင်ငံတကာရှိ ငြိမ်းချမ်းရေးကို အမြတ်တနိုးတန်ဖိုးထားသော မွတ်စလင်များက ကြွေးကြော်လျက်ရှိကြလေသည်။

ပါရီမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သော ဘာတာကလန်ပြဇာတ်ရုံ အပြင်ဘက်တွင် နိုဝင်ဘာ ၁၅ ရက်က ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ငြိမ်းချမ်းရေး ဆုတောင်းပွဲပြုလုပ်ခဲ့ရာတွင် ပြင်သစ်နိုင်ငံရှိ မွတ်စလင်ဘာသာရေး ခေါင်းဆောင်များကိုယ်တိုင် မွတ်စလင်မဟုတ်သူများနှင့် အတူယှဉ်တွဲကာ ငြိမ်းချမ်းရေးအတွက် ဆန္ဒထုတ်ဖော်ခဲ့ကြလေသည်။

### အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲသစ်

ယနေ့ကာလတွင် အမေရိကန်ဦးဆောင်သော အနောက်အုပ်စုအတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ၏ ပစ်မှတ်မှာ မျိုးဆက်နှင့်ချီ၍ ရန်သူတော်ကြီးအဖြစ် ရပ်တည်ခဲ့သော အယ်လ်ခိုင်ဒါအဖွဲ့မဟုတ်တော့ဘဲ အိုင်အက်စ်အဖွဲ့ဖြစ်လာသည်။ ဂျီဟတ်(ခေါ်) ဘာသာရေးစစ်ပွဲ ဆင်နွှဲလာသော အိုင်အက်စ်အဖွဲ့သည် ကမ္ဘာတစ်လွှားရှိ ဘာသာရေးအစွန်းရောက်အုပ်စုများနှင့် အသွေးတူအရောင်တူ ဖြစ်လေသည်။

ပါရီ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုကြီးသည် ပြင်သစ်နိုင်ငံသား ဆီးရီးယားပြန် စစ်သွေးကြွများ၊ ဘယ်လ်ဂျီယံ အခြေစိုက်စစ်သွေးကြွများ၊ နိုင်ငံကူးလက်မှတ်အတုဖြင့် ဆီးရီးယားမှ ခိုးဝင်လာသော အိုင်အက်စ်စစ်သွေးကြွများ၏ ပူးပေါင်း လက်ချက်အဖြစ် ယူဆကြလေသည်။

မငြိမ်မသက်ဖြစ်နေသော ကမ္ဘာ့ဆီပူအိုးတည်ရာဒေသများသည် စစ်အေးကာလကဲ့သို့ပင် တည်ငြိမ်မှုကင်းမဲ့သော အခြေအနေကို ဖန်တီးပေးနေသည်ဟု ကျွန်ုပ်ရှုမြင်မိလေသည်။

ဘာသာတရားတိုင်းသည် ငြိမ်းချမ်းရေးကို တည်ဆောက်ရန်သာလျှင် လမ်းညွှန်ထားပေသည်။ ဘာသာရေးအဆုံးအမများနှင့်ပတ်သက်၍ မှန်မှန်ကန်ကန် သိရှိနားလည်ခြင်း၊ သည်းခံတတ်မှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်မှု၊ လူမျိုးဘာသာမတူကွဲပြားလင့်ကစား စံတန်ဖိုးများကို အပြန်အလှန်လေးစားမှုတို့ဖြစ်သည့် နိုင်ငံရေးယဉ်ကျေးမှုထွန်းကားစေခြင်း၊ မတရားမှု ဆင်းရဲမွဲတေမှု၊ အဂတိလိုက်မှုတို့ ကင်းရှင်းစေလျက် တရားမျှတမှုနှင့် တန်းတူညီမျှမှု စိတ်ဓာတ်ကို မွေးမြူခြင်း၊ ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများအား လူသားဂုဏ်သိက္ခာနှင့်အညီ လူ့အခွင့်အရေးရရှိခံစားစေခြင်း၊ လူငယ်များ လမ်းမှား မရောက်စေရေးအတွက် ၎င်းတို့၏ အတွေးအမြင်များ မှန်ကန်စေရန် ဝါဒသဘောတရားရေးအရ မှိုင်းတိုက်ခံရမှုမှ ကင်းဝေးစေခြင်း၊ ဓနဥစ္စာနှင့် အရင်းအမြစ်များ ခွဲဝေသုံးစွဲမှုအရ သာတူညီမျှမှုရှိစေမည့် စီမံခန့်ခွဲမှု စနစ်ကို အုပ်စိုးသူများ ကျင့်သုံးခြင်းတို့ဖြင့် နိုင်ငံတကာ အကြမ်းဖက်မှုတည်းဟူသော ဘေးဥပဒ္ဒဝါမှ ကင်းဝေးကြလိမ့်မည်ဟု ကျွန်ုပ်တွေးဆမိလေသည်။

တစ်ဦးနှင့်တစ်ဦး မျှတသော စိတ်ဓာတ် (သမစိတ္တ) အခြေခံကာ ထာဝရမိတ်ဆွေအဖြစ် သတ်မှတ်နိုင်ကြပါလျှင် လောကကို ငြိမ်းချမ်းရေးဖြင့် အလှဆင်နိုင်မည်ဟု ကျွန်ုပ် တွေးဆမိပါသတည်း။ ။

ဖတ်စရာ

# နိုင်ငံတကာခရီးသွားများမန္တလေး နန်းမြို့ရိုးနှင့် ကျုံးအလှကိုစိတ်ဝင်စား

**à တိမ်တမန်**

ကျုံးပတ်လည် ဝန်းရံထားသော မန္တလေးနန်း မြို့ရိုးသည် မန္တလေးမြို့ဂုဏ်ကိုဆောင်နေသော ရှေးဟောင်းအမွေအနှစ်တစ်ခုပင်ဖြစ်သည်။ မန္တလေးမြို့၏ဂုဏ် မန္တလေးမြို့ကို အထင်ကရဖြစ်စေသော သင်္ကေတမှာ ကျုံး၊နန်းမြို့နှင့်အတူ ရွှေနန်းတော်ပင်ဖြစ်သည်။ မန္တလေးတောင် နောက်ခံနှင့် ကျုံးအလှမှာ ကြည့်မဝသော ရှုခင်းတစ်ခုပင်ဖြစ်နေပေသည်။ ရတနာပုံရွှေနန်းတော်ကြီးကို ကာရံဝန်းပတ်ထားသော အုတ်မြို့ရိုးမှာ နိုင်ငံတကာခရီးသွားဧည့်သည်များကို အထူးစွဲဆောင်စေပေသည်။

တန်ဖိုးမဖြတ်နိုင်သည့် မြန်မာသမိုင်းအမွေအနှစ် အုတ်မြို့ရိုးအမြင့်မှာ တစ်ဆယ့်ရှစ်တောင် ၂၈ ပေ ၆ လက်မမြင့်ပြီး ကျောဘက်အတွင်းဘက်တွင် မြို့ရိုးထိပ်မှ ဆင်ခြေလျှောအတိုင်းမြေသား ဖို့ထားသည့် နည်းပညာနှင့်အယူအဆသည် စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ တုတ်၊ ဓား၊ လှံ လေး၊ မြား အသုံးပြုသောရှေးခေတ်ကတည်းက တည်ဆောက်ခဲ့သော မြေနီသရွတ်တို့သည် ပင်သေနတ်၊ အမြောက်ဆန်များအသုံးပြုသည့်ခေတ်အထိ အလွန်ခိုင်ခံ့ခဲ့သည်။

နိုင်ငံတကာခရီးသွားဧည့်သည်များ စိတ်ဝင်စားသော မန္တလေးဂုဏ်ဆောင် အုတ်မြို့ရိုး၏ အရှည်မှာတာ ၆၀၀ အတောင်၄၂၀၀ လေးမျက်နှာ စုစုပေါင်းအရှည်(၅ မိုင် ၁ ဖာလုံ) ရှိပေသည်။ သာသနာတော်နှစ် ၂၄၀၀ သင်္ကေတကို အမှတ်အသားပြုသော အထိမ်းအမှတ်အဖြစ် မြို့တော်ကို လေးထောင့် စတုရန်းတည်ကာ မြို့ ရိုးတစ်ဖက်လျှင် တာ ၆၀၀ စီ အညီအမျှခွဲဝေထားခဲ့ပေသည်။ အုတ်မြို့ရိုးလေးမျက်နှာတွင် ခါတ်တံခါးလေးရပ်၌ ဘုံခုနှစ်ဆင့် မိတ်တံခါးရှစ် ရပ်၌ဘုံငါးဆင့် ထောင့်ပြကြီး လေးခုနှင့် ပြငယ် ၃၂ ခု၌ ဘုံငါးဆင့် ပြသာဒ်များ ထုပ်စွပ်လျောက်စွပ် ကို မြန်မာရှေးဗိသုကာစနစ်ဖြင့် ဆောက်လုပ်ထားခဲ့ပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။

မြို့ရိုးလေးမျက်နှာပတ်လည်တွင် ပြာသာဒ်ကြီး၊ ပြာသာဒ်လတ်၊ ပြာသာဒ်ငယ် ၄၈ ဆောင်မှာ မြင်သူကိုငေးစေသည့်အလှပဆုံးသော ရှုခင်းတစ်ရပ်ပင်ဖြစ်နေပေသည်။ ရတနာပုံရွှေမြို့တော်ဟု သက်သေအထောက်အထားခိုင်မာမှုများက ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို စွဲဆောင်စေခဲ့ပေသည်။ နန်းမြို့ရိုးပြာသာဒ်များ၏ ကုန်းဘောင်ခေတ် ဗိသုကာလက်များ၊ ပန်းပုပညာစွမ်းတို့ဖြင့်စီခြယ်ကာ အလှထိပ်တင်နန်းရင်ခွင်ဖြစ်အောင် တည်ဆောက်ထားနိုင်ခဲ့သည်။

ယခုအခါ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် မန္တလေးမြို့သို့ နိုင်ငံတကာ ခရီးသွားဧည့်သည်အများအပြား ဝင်ရောက်လျက်ရှိပြီး နန်းမြို့နှင့်တစ်ကွ ကျုံးအလှကိုအုပ်စုလိုက် တစ်ပတ်ပတ်ကာ လမ်းလျှောက်ရင်းလေ့လာကြပြီး နန်းမြို့ရိုးနှင့်ကျုံးအလှကို အထူးစိတ်ဝင်စားမှု များပြားလျက်ရှိကြောင်း သိရသည်။



## လက်ကမ်းစာစောင်ပေး၍ယာဉ်စည်းကမ်းပညာပေး

**နွားထိုးကြီး နိုဝင်ဘာ ၂၁**

ရွှေးကောက်ပွဲအလွန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် နွားထိုးကြီး ယာဉ်ထိန်းရဲက လက်ကမ်းစာစောင်ပေး၍ နိုဝင်ဘာ ၁၉ ရက်တွင် ပညာပေးပွဲကို မြင်းခြံ-မန္တလေးကားလမ်း၊ တောင်သာ-မလှိုင်လမ်းဆုံ၌ ကျင်းပခဲ့သည်။

"ယာဉ်စည်းကမ်းလိုက်နာဖို့ အခုပညာပေးခြင်းဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို သိသာဖို့အတွက် လက်ကမ်းစာစောင်ဖြန့်ဝေရခြင်းဖြစ်ပါတယ်"ဟု လက်ကမ်းစာစောင်ဖြင့် ပညာပေးသည့် နွားထိုးကြီးယာဉ်ထိန်းရဲတစ်ဦးက ပြောသည်။

မန္တလေးတိုင်းစည်ပင်ဥပဒေဖြင့် ယာဉ်စည်းကမ်းဖောက်ဖျက်လျှင် ဒဏ်ငွေ ကျပ်သုံးသောင်းတိတိကို တရားရုံးကပြစ်ဒဏ် ပေးခြင်းဖြစ်၍ ဒေသခံများကယာဉ်စစ်ဆေးခြင်းကို စိုးရိမ်လျက်ရှိကြောင်းယင်းမြို့နယ်ရှိ ဒေသခံများကပြောသည်။

**ရွှေးမြင့်မောင်**



## ဝက်လက်မြို့၌သမိုင်းဝင်ဘုရားကြီး၏ဘုရားပွဲတော်စည်ကားစွာကျင်းပမည်

**ဝက်လက် နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့၌ သမိုင်းဝင် ဘုရားတစ်ဆူဖြစ်သော အာယုဃဏနအဘယစေတီ(ဘုရားကြီး)၏ (၁၀၂) ကြိမ်မြောက် ဘုရားပွဲတော်နှင့်စုပေါင်း မဟာဘုံကထိန်ပွဲတော်ကို တန်ဆောင်မုန်း လဆန်း ၁၁ ရက်မှ ၁၃ရက်ထိ စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်ရက်ကျင်းပမည့်ရက်များ ညတိုင်းတွင် ဇာတ်ပွဲများ၊ အငြိမ့်ပွဲများ၊ ရုပ်ရှင်ဇာတ်ကားများဖြင့် ကပြဖျော်ဖြေပေးပြီး ဌာနဆိုင်ရာများ၊ရပ်ကွက်၊ ကျေးရွာများ၊ အလှူရှင်များမှ စုပေါင်းလှူဒါန်းကြသော ပဒေသာပင် ၅၉ ခုကို တန်ဆောင်မုန်းလဆန်း ၁၂ ရက် မွန်းလွဲပိုင်းတွင် ဒေဝါဝင်း၊ ရာဇာဝင်း၊ အတီးအမှုတ် ဖျော်ဖြေရေး မော်တော်ယာဉ်များဖြင့် ဝက်လက်မြို့အတွင်း စီတန်းလှည့်လည်ပြီး စုရပ်ဖြစ်သော မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဘုရားကြီးကျောင်းတိုက်အတွင်းသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းပဒေသာပင်များကို တန်ဆောင်မုန်းလဆန်း ၁၃ ရက် နံနက်၈ နာရီမှစ၍ စာရေးတံမဲဖြင့် ကျရာကျောင်းတိုက်များသို့ သက်ဆိုင်ရာအလှူရှင်များက အသီးသီးဆက်ကပ်လှူဒါန်းသွားကြမည်ဖြစ်ကြောင်းသိရသည်။

**နန်းမြင့်(ဝက်လက်)**





**လုံးချင်းအိမ်ရောင်းမည်**

စမ်းချောင်း၊ စမ်းရေတွင်းလမ်း၊
(၈၀/၇၆'×၃၄')
ဖုန်း ၀၉-၅၁၈၇၀၈၈၊
၀၉-၇၉၅၈၁၇၅၄၉


## ဖြူးဆရာတော်၏တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၏ တရားပွဲများ

ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ(နိုင်ငံတော်-ဓမ္မကထိကဗဟုဇနဟိတဓရ)၊ ပြည်တွင်းပြည်ပမဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ M.A, Ph.D၊ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် ၂၂-၁၁-၂၀၁၅ရက် ဖြူးရိပ်သာ(ရန်ကုန်) စုပေါင်းဘုံကထိန်အလှူ၊ ၂၈-၁၁-၂၀၁၅ရက် အောင်ပုံတောရ၊ ဂန္ဓဂေါ်တစ်ထောင်ဘုရား၊ မကွေးမြို့၊ ၇-၁၂-၂၀၁၅ရက် ကရုဏာရှင်များအသင်း၊ မကွေးမြို့၊ ၁၁-၁၂-၂၀၁၅ရက် ပန်းတဉ်းတန်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့၊ ၁၉-၁၂-၂၀၁၅ရက် တောင်ဉက္ကလာပ၊ ရန်ကုန်မြို့၊ ၂၆-၁၂-၂၀၁၅ရက် ဦးအေးသောင်-ဒေါ်သန်းသန်း၊ ရဟန်းခံရှင်ပြုအလှူ ဖြူးရိပ်သာ၊ ရန်ကုန်၊ ၂၇-၁၂-၂၀၁၅ရက် မဟာစည်ရိပ်သာကြီးပူဇော်ပွဲ၊ ဟာမစ်တစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ၂၈-၁၂-၂၀၁၅ရက် ဖြူးဆရာတော်(၆)နှစ်ပြည့်၊ မဟာစည်သာသနာ့ရိပ်သာ၊ ပင်စင်လမ်း၊ ဖြူးမြို့၊ ၂-၁-၂၀၁၆ရက် အပ္ပမာဒနာရေး ကူညီမှုအသင်း၊ မင်းလှမြို့၊ ၃-၁-၂၀၁၆ရက် ရွှေစက်သံဃာ့ဒါနဆွမ်းလောင်းအသင်း၊ မှော်စက် ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၇-၁-၂၀၁၆ရက် နာရေးကူညီမှုအသင်း၊ မကွေးမြို့၊ ၁၂-၁-၂၀၁၆ရက် အာစိဏ္ဏကံအဖွဲ့၊ တောင်ဒဂုံ၊ ရန်ကုန်မြို့၊ ၂၇-၁-၂၀၁၆ရက် ရွှေဆံတော်ဘုရားရင်ပြင်တော်၊ တွံတေးမြို့၊ ၄-၂-၂၀၁၆ရက် မာလာမြိုင် (၈)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ၆-၂-၂၀၁၆ရက် သာကေတ၊ ရန်ကုန်မြို့ ၉-၂-၂၀၁၆ရက်နှင့် ၁၀-၂-၂၀၁၆ရက် ကျိုက္ခမီမြို့၊ ၂၈-၂-၂၀၁၆ရက် ဖြူးရိပ်သာ၊ ရန်ကုန်မြို့၊ ၄-၃-၂၀၁၆ရက် နေပြည်တော်၊ လယ်ဝေးမြို့တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း ၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၂၅၀၂၄၉၇၇၊ ၀၉-၂၅၃၆၉၉၆၇၉သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။




## အင်းစိန်စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

အင်းစိန်၊ စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်းအားကစားကွင်း၊ တော်လှန်ရေးပန်းခြံရှေ့ M-3Food Centre တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်း ညီအစ်ကို၊ မောင်နှမများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အချိန် - ညနေ ၅း၃၀ နာရီမှ ၉ နာရီထိ
ကျင်းပမည့်ရက် - ၂၉-၁၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - M-3 Food Centre၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**အလှူငွေများကို အောက်ပါကျောင်းသား/ကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

ဦးမောင်မောင်အေး - ဖုန်း-၀၉-၅၁၂၆၆၆၅
ဦးလှသိန်း - ဖုန်း-၀၉-၅၁၉၂၉၇၅
ဦးမြဦး - ဖုန်း-၀၉-၅၀၃၁၅၃၈
ဦးခင်မောင်မြင့် - ဖုန်း-၀၉-၅၁၃၀၅၁၄
ဦးအေးနိုင် - ဖုန်း-၀၉-၅၀၆၀၈၉၇
ဦးတင်မောင်လွင် - ဖုန်း-၀၉-၅၀၅၀၄၉၃
ဦးတိုးဝင်း - ဖုန်း-၀၉-၈၆၃၃၇၂၂
ဦးအောင်အောင်ဝင်း - ဖုန်း-၀၉-၅၀၃၃၅၀၃
ဒေါ်ခင်ဝင်းကြည် - ဖုန်း-၀၉-၇၃၁၀၀၈၆၅

## မြောက်ဦးဆရာတော်၏ (၅၁)ကြိမ်မြောက် (ရန်ကုန်) အထူးအလုပ်ပေးတရားစခန်း

နေရာ - ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
(အမှတ်-၃လမ်းမကြီး၊ ရခိုင်ကျောင်းမှတ်တိုင်တွင်ဆင်းပါ။)

တရားစခန်းရက် - (၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်မှ နတ်တော်လဆန်း ၉ ရက်ထိ)
၁၀-၁၂-၂၀၁၅ ရက်မှ ၂၀-၁၂-၂၀၁၅ ရက်ထိ။

စာရင်းလက်ခံမည့်နေ့ - (၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်)
၂၉-၁၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့)
နံနက် ၉း၀၀ နာရီ (ယောဂီအရေအတွက် ကန့်သတ်ထားပါသဖြင့် ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။)

မှတ်ချက် ။ ။ တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ(၅၀၀၀ိ/-)ကို တစ်ပါတည်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ကျန်းမာရေးမကောင်းသူများ လက်မခံပါ။)

**ဓမ္မဝန်ဆောင်အဖွဲ့(ရန်ကုန်)**
**ဖုန်း-၀၉-၄၂၁၀၄၃၂၁၀၊ ၀၉-၄၄၈၀၃၂၂၇၈**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံ ရောင်းချမည့်နေ့ | တင်ဒါပိတ်ရက်/ အချိန် |
|---|---|---|---|---|
| (က) | 3-12(T)/MESC/2015-2016 | တံခွန်တိုင်-ချိပါ၃၃ကေဗွီ Insulated Cableလိုင်း (၀. ၆)မိုင်အတွက် ဆက်စပ်ပစ္စည်း(၁၁)မျိုး | ၁၆-၁၁-၂၀၁၅ | ၄-၁၂-၂၀၁၅ ၁၃း၀၀နာရီ |
| (ခ) | 3-13(T)/MESC/2015-2016 | ၃၃ကေဗွီလိုင်း(၇. ၅)မိုင်အတွက် ဆက်စပ်ပစ္စည်း(၁၉)မျိုး | ၁၆-၁၁-၂၀၁၅ | ၄-၁၂-၂၀၁၅ ၁၃း၀၀နာရီ |
| (ဂ) | 3-14(T)/MESC/2015-2016 | 12Mကွန်ကရစ်တိုင်(၃၄၆)လုံး | ၁၆-၁၁-၂၀၁၅ | ၄ -၁၂-၂၀၁၅ ၁၃း၀၀ နာရီ |
| (ဃ) | 3-15(T)/MESC/2015-2016 | 400ဗို့ဓာတ်အားလိုင်းဆက်စပ်ပစ္စည်း (၉)မျိုး | ၁၆-၁၁-၂၀၁၅ | ၁-၁၂-၂၀၁၅ ၁၃း၀၀နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇ လမ်း၊ ၂၆×၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၇၃၈၀၀၁**

### အမြန်ပြန်လာပါ

ဦးငွေအောင် [၈/မမန(နိုင်)၀၁၃၃၃၇] အိမ်ကို အမြန်ဆုံးပြန်လာပါ။
ဇနီးနှင့်သမီးများအားလုံး စိတ်ပူနေသည်။
**ဇနီး-ဒေါ်တင်နိုင်**
**[၈/မမန(နိုင်)၀၀၉၄၈၆]**

### ဘိုးဘွားပိုင်၊ အမည်ပေါက်၊ တန်အောင်ရောင်း

မရမ်းကုန်း၊ ပါရမီ၊ မြတ်ဝတ်ရည် (၅)လမ်း၊ မြေ(၇၄×၅၄/၇၄×၆၂)၊ ရေ၊ မီး။ ရောင်းဈေး သိန်း(၅၇၀၀) အကျိုးဆောင်(၁%)၊ ကြော်ငြာမလို
**ဖုန်း-၀၉-၅၀၂၀၄၂၂၊**
**၀၉-၅၀၄၈၂၆၇၊ ၀၉-၇၉၅၈၉၆၀၂၀**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ မြန်မာယန်စီကြေးနီကုမ္ပဏီလီမိတက်၏ ကံကုန်း၊ဒုန်းတော၊ဂုဏ်တောကျေးရွာများ နှင့် တိုက်နယ်ဆေးရုံ တို့ တွင် ရေလိုင်းများ၊ရေတွင်း/ရေသန့်စက် နှင့် သစ်သား တံတားတည်ဆောက်ခြင်း လုပ်ငန်းများအတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့် တင်ဒါ တင်သွင်း နိုင်ပါသည်။

၂။ တင်ဒါရောင်းချမည့်ရက် -(၂၃-၁၁-၂၀၁၅) ရက်မှစတင်ပြီးငွေစာရင်းဌာနတွင်ဝယ်ယူနိုင်ပါသည်။
(တင်ဒါတင်သွင်းမည့်စာရွက်တန်ဖိုး - (၁၀၀၀၀ိ- ကျပ် )

၃။ တင်ဒါတင်သွင်းရမည့်ရက် - (၇-၁၂-၂၀၁၅) ရက် ညနေ ၄း၀၀ နာရီအထိနောက်ဆုံး။
(တင်ဒါတင်သွင်းမည့် အချက်အလက်များကို အင်္ဂလိပ်ဘာသာဖြင့်ရေးသားတင်သွင်းရမည်။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရ မည့်နေရာ - မြန်မာယန်စီ ကြေးနီကုမ္ပဏီလီမိတက်၊ ဆားလင်းကြီးမြို့နယ်

၅။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက Supply ဌာန၊မြန်မာယန်စီကြေးနီကုမ္ပဏီလီမိတက် ၊ ဆားလင်းကြီးမြို့နယ်၊ Phone :09-795280304
Email: supply@yangtse.com.mm သို့တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
မြန်မာယန်စီ ကြေးနီကုမ္ပဏီလီမိတက်




အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး။ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆



ဒေါက်တာစောလှမြို့ ဦးစီးသော

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

Since 1998

EC : The Prestigious School of Future Leaders

## တက္ကသိုလ်ဝင်တန်း ပညာသင်ဆု လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာထူးချွန်သော ကျောင်းသားကျောင်းသူများကို ကူညီအားပေးရန် စကောလားရှစ် ပညာသင်ဆုချီးမြှင့်ခြင်းကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုနှစ် နဝမတန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူတိုင်း လျှောက်ထားနိုင်ပါသည်။

(က) ရေးဖြေစာမေးပွဲကို နဝမတန်းသင်ရိုးအတိုင်း မြန်မာစာ စာစီစာကုံး၊ အင်္ဂလိပ်စာ (Essay & Letter)၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ ပါဝင်သော သုံးနာရီမေးခွန်းလွှာကို ဖြေဆိုရပါမည်။

(ခ) ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့နှုတ်ဖြေ စစ်မေးပြီး အပြီးသတ်ရွေးချယ်ပါမည်။

(ဂ) နယ်မှကျောင်းသားကျောင်းသူများအတွက် နီးစပ်ရာ ခရိုင် (သို့မဟုတ်) ပြည်နယ်/တိုင်းဒေသကြီး မြို့တော်များတွင် ရွေးချယ်ရေးစာမေးပွဲများကို ကျင်းပပေးပါမည်။

(ဃ) ပထမအဆင့် (First Class) အနေဖြင့် ရွေးချယ်ခံရသူများသည် EC ပညာ့ရိပ်သာတွင် ပညာသင်နှစ်တစ်နှစ်တာ သင်ကြားရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး စရိတ်အားလုံး (လုံး၀) ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

(င) ဒုတိယအဆင့် (Second Class) အနေဖြင့် ရွေးချယ်ခံရသူများသည် သင်ကြားရေးစရိတ် ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

(စ) လျှောက်ထားလိုသူများသည် အမည်၊ အဖအမည်၊ ကျောင်းနှင့် တန်းခွဲ၊ ဆက်သွယ်ရန်လိပ်စာ၊ ရရှိခဲ့ဖူးသော ထူးချွန်ဆုများကို ဖော်ပြလျက် (၂၈-၂-၂၀၁၆) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၆(က) ကန်တော်ကြီးကန်ပတ်လမ်းမကြီး၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၇၊ ၀၉ ၂၆၄ ၂၀၀၀၅၈၊ ၀၉ ၂၆၄ ၂၀၀၀၅၉

ကြော်ငြာ

ဒေါက်တာစောလှဖြူ ဦးစီးသော

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

EC : The Prestigious School of Future Leaders

Since 1998



## EC (၁၈)နှစ်ပြည့် အခမ်းအနားနှင့် ပညာရည်ချွန်ဆုပေးပွဲ

**EC** ပညာ့ရိပ်သာ (၁၈)နှစ်ပြည့် အထိမ်းအမှတ်နှင့်အတူ

ဘာသာစုံဂုဏ်ထူးရှင်များ၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူများ၊

ပန်းချီ၊ ဂီတ၊ အားကစား၊ ဘက်စုံထူးချွန်သူများအား ဂုဏ်ပြုမည့်

**EC** ကိုယ်ပိုင်အထက်တန်းကျောင်း ၏

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို

Sedona Hotel, Grand Ballroom တွင်

(၂၄-၁၂-၂၀၁၅) ရက်နေ့

ညနေ (၄)နာရီ မှ (၆)နာရီအထိ ကျင်းပမည်ဖြစ်ပါသည်။

၆(က) ကန်တော်ကြီးကန်ပတ်လမ်းမကြီး၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၇၊ ၀၉ ၂၆၄ ၂၀၀၀၅၈၊ ၀၉ ၂၆၄ ၂၀၀၀၅၉

ကြော်ငြာ

“ ဖုန်းတွေကို ပိုပို ပွတ် ဖို့ ”

1MB ကို ၆ ကျပ်



အမြန်ဆုံး MPT 3G ကို 1MBလျှင် ၆ ကျပ်နှုန်းနှင့် ချိတ်ဆက်နိုင်ပါပြီ

ဆွေသဟာ ကို ရယူရန်
"SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။

SMS ဈေးနှုန်းသစ် ၁၀ ကျပ်

အင်တာနက် Package အသစ်ဖြင့် ဆွေသဟာကို အဆင့်မြှင့်လိုက်ပါ။

| မူလ ပမာဏ | လက်ဆောင် ပမာဏ | Package ဈေးနှုန်း | သက်တမ်း |
|---|---|---|---|
| 400 MB | 150 MB | 2,800 Ks | ၃၀ ရက် |
| 1 GB | 350 MB | 6,500 Ks | ၃၀ ရက် |
| 5 GB | 1.5 GB | 25,000 Ks | ၃၀ ရက် |

- MPT SIM ကဒ်ကို SIM slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက်ဝန်ဆောင်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။
- ဆွေသဟာဝန်ဆောင်မှု ရယူထားသောသူများအတွက်သာ အကျုံးဝင်သည်။
- Package ဝယ်ယူရကျသင့်ငွေကို ဖုန်းလက်ကျန်ငွေမှ နုတ်ယူပါမည်။
- Data ဝန်ဆောင်မှုရယူရန် (400MB) သို့ (1GB) သို့ (5 GB) ဟုရိုက်ပြီး 1332 သို့ SMS ပေးပို့ပါ။

CALL CENTER 106
(၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

## တင်ဒါအမှတ်-၆/(၂၀၁၅-၂၀၁၆)
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၅) ဖျာပုံမြို့မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လို အပ်သော တောသစ်(ရွယ်စုံ)သစ်မာ၊ မြစ်ကျောက်စရစ်၊ မြစ်သဲ၊ မြေဖယောင်း၊ ကျောက်ကြီး၊ သံပြား(ရွယ်စုံ)နှင့် ဟင်ဝလန်(ရွယ်စုံ)တို့အား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်းကြေညာအပ်ပါသည်။

၁။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၅-၁၂-၂၀၁၅ရက်၊ ၁၂:၀၀နာရီ
၂။ တင်ဒါစိစစ်ဖွင့်မည့်နေ့ရက်နှင့်အချိန်- ၅-၁၂-၂၀၁၅ရက်၊ ၁၃:၀၀နာရီ
၃။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - တံတားအထူးအဖွဲ့(၁၅)၊ ဂုံညင်းတန်းရိပ်သာ၊ ဖျာပုံ
၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တံတားအထူးအဖွဲ့(၁၅)ဖျာပုံမြို့တွင် ၂၃-၁၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်းဖုန်း-၀၉-၈၅၈၆၉၇၅သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတိုရန်ကုန်ဆိပ်ကမ်းနှင့်စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် -၂၃-၁၁-၂၀၁၅ရက်
၃။ တင်ဒါပိတ်မည့်ရက် -၂၇-၁၁-၂၀၁၅ရက်
၄။ တင်ဒါပိတ်မည့်အချိန် -၁၂:၀၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဟင်္သာတမြို့ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟင်္သာတမြို့ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးနိုင်ရန်လိုအပ်သော ဆေးဝါးများ(FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။
၂။ တင်ဒါပုံစံတင်ပေးမည့်ရက် -၁၉-၁၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၁၀-၁၂-၂၀၁၅ရက် ညနေ၄:၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**ဟင်္သာတမြို့၊ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၄၄-၂၀၀၉၆**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V DREAM ORCHID V.3 သင်္ဘောသည် ၂၄-၁၁-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**တိုယိုတားလုယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CITY OF MUMBAI V.25 သင်္ဘောသည် ၂၄-၁၁-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**တိုယိုတားလုယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## Perfect အလှပြုပြင်ရေးသင်တန်း

ဆံထုံး ၊မိတ်ကပ်၊ အညှပ်အပါအဝင်အမျိုးပေါင်း (၄၀ )ကို သင်ထောက်ကူပစ္စည်းအပါအဝင် သင်တန်းကြေး (၃၀၀၀၀၀ိ)ဖြင့်သင်ကြား ပေးနေပါသည်နယ်ကလာရောက်တက်မည့်သူများကိုလည်း နေစရိတ်၊စားစရိတ်များကိုလည်းစီမံဆောင်ရွက်ပေးပါသည်။ ဆက်သွယ်ရန်လိပ်စာ– အမှတ်(၄၄)သတိပဋ္ဌာန်လမ်း၊မြေညီထပ်၊ကျောက်မြောင်း၊တာမွေ ဖုန်း–၀၉၂၆၃၉၀၄၅၄၁၊ ၀၉ ၄၂၈၀၄၂၉၆၅၊ ၀၉ ၄၂၁၁၁၈၂၀၃

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ
## သက်တမ်းလွန်ပစ္စည်းများရောင်းချရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း လက်အောက်ရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံရှိ အောက်ပါသက်တမ်းလွန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

(က) ဓာတုဆေးရည် ၂ မျိုး
(ခ) စက်အရန်ပစ္စည်း ၁၂၆ မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၁-၁၁-၂၀၁၅ ရက်မှ ၂၄-၁၁-၂၀၁၅ ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၁၁-၂၀၁၅ ရက် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါဖောင်ပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါဖောင်တင်သွင်းရန်လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း |
| ပြန်ကြားရေးဝန်ကြီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန |
| အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ | အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ |
| ရန်ကုန်မြို့ | ရန်ကုန်မြို့ |
| **ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀** | **ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀** |




## ပျောက်ဆုံးကြောင်း

ကျွန်မ မဝါဝါမင်း [၁၄/မအန(နိုင်) ၁၃၀၉၃၂]၏ PP No. MA 976598 သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၁၇၃၈၇၅၉



## UMFCCI အသင်းသားများ သိရှိစေရန်

ကုန်သည်စက်မှုအသင်းချုပ်သည် အသင်းသားများအား ပုံမှန်ပြုလုပ်ကျင်းပလျက်ရှိသည့် ပြည်တွင်းပြည်ပဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများသို့ အချိန်မီအကြောင်းကြားဖိတ်ကြားနိုင်ရေးနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေပေးနိုင်ရေးအတွက် စီစဉ်လျက်ရှိပြီး ကုန်သည်စက်မှုအသင်းချုပ်မှ ထုတ်ဝေမည့် Business Directory 2016-2017ကို နိုင်ငံတကာ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးသို့ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသောကြောင့် ဖိတ်ကြားစာရယူလိုသူများနှင့် အဆိုပါစာအုပ်တွင် မိမိတို့လုပ်ငန်းအကြောင်းအရာများအား ထည့်သွင်းလိုသော အသင်းဝင်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းလိပ်စာ၊ ဖုန်း၊ ဖက်(စ်)၊ အီးမေး(လ်)နှင့် လုပ်ငန်းအမျိုးအစားများအား ကုန်သည်စက်မှုအသင်းချုပ် အသင်းသားဌာနစိတ်၊ ဖုန်း-၀၁-၂၁၄၃၄၄ မှ ၀၁-၂၁၄၃၄၉ (လိုင်းခွဲ-၁၃၁)၊ ဖက်(စ်) ၀၁-၂၁၄၄၈၄ နှင့် အီးမေး(လ်) membership10@gmail. com သို့ ပေးပို့နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)**




APOLLO TOWERS
MYANMAR Ltd.

## Apollo Towers Myanmar Ltd. နှင့် မြေငှားစာချုပ်ချုပ်ဆိုထားသော တိုက်ခန်းပိုင်ရှင်နှင့် မြေပိုင်ရှင်များအား အသိပေးအကြောင်းကြားကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ ဆရာစံရပ်ကွက်၊ အမှတ်(၅၁)ရှိ Apollo Towers Myanmar Ltd၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း အသိပေးအကြောင်းကြား သိစေအပ်ပါသည်။

